မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၃၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

(၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတက်ရောက်ကြည်ညို ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များဆက်ကပ်၊ လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူ

ရန်ကုန် မေ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၈)ကြိမ်မြောက် တိပိဋကရွေးချယ်ရေးစာမေးပွဲတွင် ပိဋကသုံးပုံကျမ်းအစုံကို အာဂုံပြန်ဆိုခြင်း၊ ရေးသားဖြေဆိုခြင်းပြုတော်မူခဲ့ကြ၍ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း ရေးဖြေအောင် ဒီဃနိကာယကောဝိဒနှစ်ပါး၊ ဝိနယ ပိဋက ဝိနည်းဒုတိယပိုင်း သုံးကျမ်း ရေးဖြေအောင် ဝိနယ ကောဝိဒတစ်ပါး၊ ဝိနယ ပိဋကဝိနည်းပထမပိုင်းနှစ်ကျမ်း ရေးဖြေအောင် ဥဘတော ဝိဘင်္ဂ ကောဝိဒခုနစ်ပါး၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိကနှစ်ပါး၊ သုတ္တန္တ ပိဋက ဒီဃနိကာယ် သုံးကျမ်း အာဂုံအောင် ဒီဃဘာဏကတစ်ပါး၊ ဝိနယ ပိဋက ဝိနည်းဒုတိယပိုင်း သုံးကျမ်း အာဂုံအောင် ဝိနယဓရ၁၈ပါးနှင့် ဝိနယ ပိဋက ဝိနည်းပထမပိုင်း နှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ၄၂ပါး စုစုပေါင်း ၇၃ပါးတို့အား ချီးကျူးပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ *ကျောဖုံးသို့* ❐



ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်း အာဂုံအောင် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ ရန်ကင်းမြို့နယ် ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်မှ အရှင်သုနန္ဒအရှင်သူမြတ်အား ဘွဲ့ တံဆိပ်နှင့် အောင်လက်မှတ်ဆက်ကပ်စဉ်။

(သတင်းစဉ်)

(၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ မင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၂၈ ရက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တိကျစွာလိုက်နာ

စည်းကမ်းဟူသည် လူ့တန်ဖိုးဖြစ်သည်။ နေရာတိုင်း၊ ဌာနတိုင်းတွင် စည်းကမ်းသတ်မှတ်ချက်များရှိသည်။ ကျောင်းစည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း၊ စစ်စည်းကမ်းစသည်ဖြင့် နေရာဌာနအလိုက် စည်းကမ်းများရှိသည်။ သက်ဆိုင်သူများက မိမိတို့နှင့် သက်ဆိုင်ရာ စည်းကမ်းများကို တိကျစွာ လိုက်နာသွားပါက လုံခြုံဘေးကင်းစွာ သွားလာနေထိုင်နိုင်မည်ဖြစ်သည်။

မိုးရွာစဉ် ယာဉ်မောင်းလျှင် လိုက်နာရမည့်အချက် (၁၀)ချက်ကို ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသည်။ ထိုစည်းကမ်းများကို မလိုက်နာ၍ ယာဉ်တိုက်မှု ယာဉ်တိမ်းမှောက်မှုဖြစ်ပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေခြင်း၊ မော်တော်ယာဉ်ဘီးများ၌ ပန်းများမရှိတော့ခြင်း၊ လေပေါင်ချိန်များလွန်းခြင်း၊ ရွှံ့ညွန်များ လမ်းပေါ်တွင် ရှိနေခြင်းတို့ကြောင့် လမ်းချော်နိုင်သည်။ မိမိအရှိန်ကို မထိန်းနိုင်သည်အထိ အရှိန်ပြင်းစွာ မောင်းခြင်း၊ ဘရိတ်ကို ရုတ်တရက်နင်းခြင်းတို့ကြောင့်လည်း ယာဉ်တိမ်းမှောက်နိုင်သည်။

ကုန်တင်ယာဉ်များသည် ကုန်စည်များကို နိုင်နင်းသည့်ပမာဏသာ တင်ဆောင်ပြီး ဟန်ချက်ညီမျှမှုရှိရမည်။ မော်တော်ယာဉ်များတွင် ရေသုတ်တံကောင်းမှသာ ရှေ့မြင်ကွင်းကို သဲကွဲစွာ မြင်တွေ့ရမည်။ မိုးသည်း ထန်စွာရွာလျှင် အရှိန်လျှော့၍ ရှေ့မီးကြီးကို ဖွင့်မောင်းရမည်။ အကာအရံ မလုံခြုံသော မြေသယ်ယာဉ်၊ အုတ်သဲကျောက်သယ်ယာဉ်များကြောင့် ဖိတ်စဉ်မှုများ ဖြစ်နိုင်သဖြင့် လုံခြုံစွာ တင်ဆောင်ရန်လိုအပ်သည်။

မိုးရာသီကာလတွင် ခရီးသည်များလုံခြုံချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီကလည်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

ခရီးသည်တင်ကားများ၌ မိုးယိုခြင်းမရှိအောင် ဆောင်ရွက်ထားရပါမည်။ သီးသန့်ကားလတ်နှင့် ရိန်းဂျားယာဉ်များ၏ ဘေးကာပတ္တူဖျင်များအား စနစ်တကျသပ်ရပ်စွာ တပ်ဆင်ထားရှိရပါမည်။ ဘတ်စ်ကားများတွင်လည်း ဘေးပြတင်းပေါက်များအား ကောင်းမွန်သပ်ရပ်စွာ တပ်ဆင်ထားရပါမည်။ ယာဉ်၏ဘရိတ်များ ကောင်းမွန်ရန် ကြိုတင်စစ်ဆေးရန်လိုပါသည်။ မိုးရာသီတွင် လမ်းဘေး မြေပခုံးသားများ ပျော့နေတတ်၍ ယာဉ်တိမ်းမှောက်မှု ဖြစ်နိုင်သဖြင့် အရှိန်ပြင်းစွာ မောင်းနှင်ခြင်းကို ရှောင်ကြဉ်သင့်ကြပါသည်။

ယာဉ်မောင်းတစ်ဦး၏ စည်းကမ်းမလိုက်နာမှုကြောင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားပါက ခရီးသည်တို့၏ အသက်ပေါင်းများစွာ ဆုံးရှုံးစေနိုင်ပါသည်။ သို့ဖြစ်၍ ယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြခြင်းဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းကျဆင်းစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ကမာရွတ်မြို့နယ် ဘုရင့်နောင်တာဝါ အမှတ်(၀၃၇)နေ ကွယ်လွန်သူ ဦးကူးဟိုက်ကင်အား ရည်စူး၍ ဒေါ်ဆွိတီးနှင့်မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း (ကိုယ်စား) အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံး လက်ခံရယူစဉ်။

(က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ရုံးခန်း (ဗဟန်း၃လမ်း မှတ်တိုင်အနီး)တွင် ၆၁၊ ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်နေ ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဦးမောင်မောင်ထွန်း-ဒေါ်သူဇာလှိုင် (သိန်းသန်းဦးရတနာရွှေဆိုင်)၊ သားမောင်ရဲစည်သူထွန်း-မပပသင်း၊ သမီး မအိဇာသူထွန်း၊ မြေး မသင်းအိမ်သူထွန်း မိသားစုတို့က ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈-၅-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"သုညတဆိုက်အောင်ရှုပါ"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ချစ်သောအစ်ကို"**
၀၁း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၂၅ ၄။ မျိုးချစ်တပ်မတော်
၄း၄၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသ သတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၁။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၁၉)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ ကျမ်းမာသုတ
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၃၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာတူရိယာဆောင်း
၇း၁၅ တေးဂီတအစီအစဉ်
၇း၂၀ နိုင်ငံတကာအနုပညာရေးရာ
၇း၄၅ ပြည်တွင်းသတင်းအကျဉ်း
၇း၅၅ တေးဂီတအစီအစဉ်
၈း၀၀ ၂၀၀၆ ခတ်ပုံပညာနှင့် ကြယ်ပွင့်များ၏လင်းလက်ခွင့်
၈း၂၅ တေးဂီတအစီအစဉ်
၈း၃၀ နှစ်ရှည်စီးပွားတိုးစေဖို့ သီဟိုဠ်ပင်ကိုစိုက်ကြစို့
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ Sunday Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို-စက်မှုတက္ကသိုလ်)
၉း၅၀ တေးဂီတအစီအစဉ်
၉း၅၅ ဆီးချို၊ သွေးချိုရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၃)
၁၀း၂၀ မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ Myanmar Video Rhythm
၁၁း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ ဒုတိယအကြိမ်မြောက် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲအကြို လေ့ကျင့်ပြင်ဆင်နေမှုများ
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါဝါ်နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာအား လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ဒုတိယ ကော်မရှင်နာ Mr. Zhang Xinfeng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။

(သတင်းစဉ်)

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၇

ရွှေပြည်သာမြို့နယ် အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့က ကြီးမှူးလျက် မဟာသံ့ဃာရ ဆရာတော် ဦးကုမာရ၏ မေတ္တာရိပ်ကို ခိုလှုံ၍ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝဏ္ဏိတနှင့် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)တို့ ဦးဆောင်ပြီး မြန်မာလဆန်း ၈ရက်တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၆၈)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို အုတ်ဖိုစုရပ် မြသိန်းတန်ကျောင်းတိုက်ရှိ အနာဂါမ်ဆရာသက်ကြီးဝိပဿနာ ဓမ္မရိပ်သာ၌ ဇွန် ၃ရက် နံနက် ၉နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၆၁၀၈၇၉၊ ၆၁၀၇၁၃၊ ၆၁၀၈၉၃ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့်ရက် နံနက် ၇နာရီ ထက်နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇူပြာ အသင်းချုပ်သို့ မိမိတို့၏ အမျိုးသား မှတ်ပုံတင်များယူဆောင်လာကြရန်နှင့် မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

(က–ပ)

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးအား တရုတ်နိုင်ငံဒုတိယဝန်ကြီးတွေ့ဆုံ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပူးပေါင်းတိုက်ဖျက်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၇

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာ Mr.Zhang Xinfeng နှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ လာရောက်၍ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတရားမဝင်သယ်ဆောင်ရောင်းဝယ်မှုနှင့်အလွဲသုံးမှု ပူးပေါင်းတိုက်ဖျက်ရေးသဘောတူစာချုပ်နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်တို့၏ ဂြိုဟ်တုဓာတ်ပုံဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ဘိန်းစိုက်ပျိုးမှု ပူးပေါင်းတိုင်းတာခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့၏ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများတရားမဝင်သယ်ဆောင် ရောင်းဝယ်မှုနှင့် အလွဲသုံးမှု ပူးပေါင်း တိုက်ဖျက်ရေးသဘောတူစာချုပ်ကို ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်တို့၏ ဂြိုဟ်တုဓာတ်ပုံဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ ဘိန်းစိုက်ပျိုးမှု ပူးပေါင်းတိုင်းတာခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng တို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပစ္စည်းကိရိယာများကို လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng နှင့် အဖွဲ့သည် နံနက် ၈နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာက ပြတိုက်၏ဧည့်သည်တော်မှတ်တမ်း၌လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက ပြတိုက်အထိမ်းအမှတ်တံဆိပ်ကို လက်ဆောင်အဖြစ်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဆိုပါ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfengနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ဖခင်ကြီး ဦး မောင် ကို နှင့် မိခင်ကြီး ဒေါ်တင်တင်တို့အား ရည်စူး၍ တိုက် ၂၀ အခန်း ၁၉ ဦးဝိစာရ အိမ်ရာ ဒဂုံမြို့နယ်နေ ဦးစောမောင်– ဒေါ်သန်းမြိုင် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်အလှူငွေ ကျပ်နှစ်သိန်းခြောက်သောင်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က–ပ)

အာဖဂန်နစ္စတန်၌ စားနပ်ရိက္ခာလိုအပ်နေ

ကဘူးလ် မေ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)က ပေးပို့ခဲ့သော အစားအစာအိတ်တစ်အိတ်ကို အဘိုးအိုတစ်ဦးထမ်းလာသည်ကို မေ ၂၅ ရက်က တွေ့ရခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၆ ခုနှစ်၏ ကျန်ကာလအတွက် အစားအစာများ အရေးပေါ်လိုအပ်လျက်ရှိရာ အလှူရှင်နိုင်ငံများအား အမေရိကန်ဒေါ်လာ ၃၁ သန်း ထောက်ပံ့လှူဒါန်းပေးရန် ဒဗလျူအက်ဖ်ပီက တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

မော်တော်ယာဉ် မတော်တဆဖြစ်မှုနှင့် လမ်းလုံခြုံရေး မလေးရှားအစိုးရ စီမံကိန်းချမှတ်ဆောင်ရွက်

ကွာလာလမ်ပူ မေ ၂၇

မလေးရှားအစိုးရသည် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အားလုံးတွင် မော်တော်ယာဉ်မတော်တဆမှုနှင့် လမ်းလုံခြုံရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် လမ်းခရီးလုံခြုံရေးဌာနများကိုထူထောင်ရန် သဘောတူညီခဲ့ပြီဖြစ်ကြောင်း မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး ချန်ကောင်ချွမ်က မေ ၂၃ ရက်၌ ပြောကြားသည်။

အဆိုပါ လမ်းခရီးလုံခြုံရေးကို နိုင်ငံတော်အဆင့်စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး လာမည့်ဇူလိုင်လမှ စတင်ကာအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယာဉ်မတော်တဆဖြစ်မှုများကို စနစ် တကျထိန်းသိမ်းကြပ်မတ်သွားမည် ဖြစ်ကြောင်း မစ္စတာချန်က သတင်းထောက်များအား ပြောကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လမ်းလုံခြုံရေးကောင်စီကဲ့သို့သော လုပ်ငန်းအေဂျင်စီများ၊ သယ်ယူပို့ဆောင်ရေးဌာနနှင့် ရဲတပ်ဖွဲ့ဝင်များနှင့်လည်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံတွင် လမ်းလုံခြုံရေးဌာနများကို ၂၀၀၄ ခုနှစ် စက်တင်ဘာလ၌ စတင်ထူထောင်ခဲ့ပြီး နိုင်ငံအတွင်း လမ်းများ၌ ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းစေရေးကို ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံတွင် ၂၀၀၅ ခုနှစ်က လူတစ်သောင်းလျှင် ယာဉ်မတော်တဆဖြစ်မှုကြောင့် ၄ဒသမ ၂ ဦးနှုန်း သေဆုံးရလျက်ရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင်နှစ်ဦးနှုန်းအထိ လျော့ကျသွားရေးအတွက်၂၀၀၆-၂၀၁၀ပြည့်နှစ်လမ်းစီမံကိန်းကို ရေးဆွဲအကောင် အထည်ဖော်မည်ဖြစ်ကြောင်း မကြာမီက ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ပါကစ္စတန်-အီရန် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မည်

အစ္စလမ္မာဘတ် မေ ၂၇

နှစ်နိုင်ငံ ကုန်သွယ်ရေး အပြန်အလှန်ဆက်ဆံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရန် ပါကစ္စတန်နှင့် အီရန်နှစ်နိုင်ငံတို့ သဘောတူညီခဲ့ကြပြီဖြစ်သည်။

အဆိုပါ သဘောတူညီမှုကို ပါကစ္စတန်-အီရန်စီးပွားရေး ပူးတွဲကော်မရှင်(၁၆)ကြိမ်မြောက် အစည်းအဝေးတွင် နားလည်မှုစာချွန်လွှာတစ်ရပ်ကို အစ္စလမ္မာဘတ်မြို့၌ မေ ၂၅ရက်တွင် နှစ်ဖက်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

တက်ရောက်

ထို့အပြင် နှစ်နိုင်ငံကုန်စည်ဖလှယ်ရောင်းဝယ် ဖောက်ကားရေးဆိုင်ရာ အစိုးရအချင်းချင်း နားလည်မှုစာချွန်လွှာတစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပါကစ္စတန်ဝန်ကြီးချုပ် ရှော့ကတ်အဇစ်နှင့် ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်နိုင်ငံ ဒုတိယသမ္မတ ပါဗက်ဇ်ဒါဗောဒီ တက်ရောက်ခဲ့ကြသည်။

စွမ်းအင်ကိစ္စ

တစ်ဖန် ခေါင်းဆောင်နှစ်ဦးတို့သည် ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လေကြောင်းကာကွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် စွမ်းအင်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အပြန်အလှန်

ပါကစ္စတန်နှင့် အီရန်နှစ်နိုင်ငံတို့ အနေဖြင့် နယ်စပ်ဈေးကွက်များဖွင့်လှစ်ရေး၊ ကုန်သွယ်ရေး အပြန်အလှန်တိုးတက်စေရန် ဆောင်ရွက်ရေးတို့ကိုလည်း သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘယ်လ်ဂျီယံ၌အေအိုင်ဒီအက်စ်ဆေးဝါးသစ်ထုတ်လုပ်

ဘရပ်ဆဲလ် မေ ၂၇

ဘယ်လ်ဂျီယံနိုင်ငံ၌ အေအိုင်ဒီအက်စ်ရောဂါတားဆီးထိန်းချုပ်ရေး ဆေးအသစ်တစ်မျိုးကို စတင်ထုတ်လုပ်လိုက်ကြောင်း ဗီအာတီနယူးစ် သတင်းဌာနက မေ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုကဲ့သို့ အေအိုင်ဒီအက်စ်ရောဂါ တားဆီးထိန်းချုပ်ရေး ဆေးဝါးထုတ်လုပ်နိုင်မှုသည် ဘယ်လ်ဂျီယံနိုင်ငံအတွက် ဆေးဝါးထုတ်လုပ်ရေးဖွံ့ဖြိုးတိုးတက်လာပြီး ပထမဆုံးအကြိမ် ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။

အဆိုပါဆေးကို သုံးစွဲခြင်းဖြင့် ကိုယ်ခံအားကောင်းမွန်လာပြီး အေအိုင်ဒီအက်စ်ရောဂါကို ခံနိုင်ရည်စွမ်းအင် ပိုမိုရှိလာမည်ဖြစ်သည်ဟု ဗီအာတီနယူးစ် သတင်းဌာနက ဖော်ပြသည်။

ထို့အပြင် ၎င်းဆေးသစ်ကို အခြားအိပ်ချ်အိုင်ဗွီ တိုက်ဖျက်ရေး ဆေးဝါးများနှင့် အတူတွဲလျက် အသုံးပြုကုသနိုင်ကြောင်းလည်း သိရသည်။ ၎င်းဆေးကို သုံးစွဲခြင်းအားဖြင့် အေအိုင်ဒီအက်စ်ဝေဒနာရှင်၏ သွေးအတွင်းရှိသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးထပ်မံဖြစ်ပွားမှုကို ဟန့်တားထိန်းချုပ်နိုင်ကြောင်း လက်တွေ့စမ်းသပ်မှုများအရ အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း သိရသည်။

၎င်းဆေးသည် ဘေးထွက်ဆိုးကျိုးများလည်းမရှိနိုင်သဖြင့် အချိန်ကာလတစ်ခုအထိကုသပါက သိသာသောထူးခြားမှုကို ဖြစ်ပေါ်စေမည်ဟု အဆိုပါ သတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ရိုးရာအက

ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့၌အနုပညာရှင်များက မေ၂၅ ရက်တွင် ကျရောက်သည့် အာဖရိကနိုင်ငံများနေ့ အခမ်းအနားတွင် ရိုးရာအကများဖြင့် ဖျော်ဖြေနေကြစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့ ဥယျာဉ်၌ ပန်းပုပြပွဲတစ်ရပ်ကျင်းပခဲ့သည်ကို မေ ၂၆ရက်က တွေ့ရစဉ်။ (အဆိုပါ ပန်းပုပြပွဲတွင် တရုတ်နိုင်ငံ၏ ကျော်ကြားသည့် ပန်းအနုပညာရှင်များက ဖွဲ့စည်းထားသော အဖွဲ့ရှစ်ဖွဲ့မှ ပန်းပုရုပ်တုပေါင်း၂၀ခန့် ပါဝင်ပြသခဲ့ကြောင်း သိရသည်။)

(ဓာတ်ပုံ-ဆင်ဟွာ)

ဟာဗားနားတွင် မိုးသည်းထန်ပြီးရေလွှမ်း

ဟာဗားနား မေ ၂၇

အဆက်မပြတ်သည်းထန်စွာ ရွာသွန်းသောမိုးကြောင့် ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ရေလွှမ်းမှုဖြစ်ကာ အနည်းဆုံးလူသုံးဦးသေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက မေ ၂၄ ရက်၌ ပြောကြားသည်။

နှစ်နာရီအတွင်း ရွာသွန်းသည့်မိုးမှာ မိုးရေချိန်ရှစ်လက်မခန့်ရှိရာ ဒေသခံလူ ၂ ဒသမ ၅ သန်းတို့ ရေဘေးဒုက္ခခံစားခဲ့ကြရသည်။ ဟာဗားနားမြို့အနောက်ပိုင်း မာရီရာနာရိုခရိုင်တွင် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည်။ အချို့အိမ်များ ရေနစ်မြုပ်ခဲ့သည်။

ကျူးဘားနိုင်ငံသည် ဟာရီကိန်းရာသီတွင်ဖြစ်ပေါ်တတ်သည့် မုန်တိုင်းများဒဏ်ကို ကာကွယ်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ကျူးဘားနိုင်ငံတွင် မကြာမီက တိုက်ခတ်ခဲ့သော ဒင်းနစ်ဟာရီကိန်းကြောင့် လူ ၁၆ ဦးသေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

လောင်စာဆီတင်ယာဉ် မီးလောင်၊ ၃၅ ဦးသေ၊ ၈၀ ဒဏ်ရာရ

ကိုတိုနော် မေ ၂၇

ဘီနင်နိုင်ငံတွင် လောင်စာဆီတင်ယာဉ်တစ်စီး ပေါက်ကွဲမီးလောင်မှုကြောင့် လူ၃၅ ဦးသေဆုံးပြီး ၈၀ ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းအသံလွှင့်ဌာနက မေ ၂၅ ရက်၌ ကြေညာသည်။

လောင်စာဆီတင်ယာဉ်မှာ ပေါ်ဂါမြို့အနီး လျှိုတစ်ခုအတွင်းသို့ မီးလောင်ထိုးကျသွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ပေါက်ကွဲမှုမှာ လောင်စာဆီတင်ယာဉ် စက်ခေါင်းရှိ မော်တာမှနေ၍ မီးလောင်ပေါက်ကွဲခြင်းဖြစ်သည်။

ထိုသို့ လောင်စာဆီတင်ယာဉ် မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူ ပိုမိုတိုးလာဖွယ်ရှိကြောင်း ကျန်းမာရေးသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အချင်းချင်းညီညီညာညာ ကြည်သာဝမ်းမြောက်ချီးမြှောက်ပူဇော်ကြ၍ သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ **မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (၅၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားတွင် သာရဏီယသြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူစဉ်။** (သတင်းစဉ်)

ရန်ကုန် မေ ၂၇

(၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယသာရဏီယ သြဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်–

(၅၈)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာတော်ပြန်ပွဲ စာမေးပွဲကြီးတွင် ပိဋကတစ်ပုံ၊ နှစ်ပုံစသည့် အောင်မြင်တော်မူကြသည့် သာသနဒ္ဓဇနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ၊ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား စိတ်ထားရွှင်ကြည် အခါရှည်မြင့် အမှတ်ရသင့်သော သမ္မောဒနီယ သာရဏီယသြဝါဒကထာ မြွက်ကြားလိုပါသည်။

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊
ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလောကံ၊
သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။
သုတ္တန္တေသု အသန္တေသု၊
ပမုဋ္ဌေ ဝိနယမှိ စ။
တမော ဘဝိဿတိ လောကေ၊
သူရိယေ အတ္ထင်္ဂတေ ယထာ။ (အံ။ ဋ္ဌ။ ၁။ ၇၂။)

နေမင်းတည်ရှိနေသည့်အခါ အရောင်အလင်းကို တွေ့မြင်ရသကဲ့သို့ ဗုဒ္ဓဘုရားဟောမြွက်ကြားသည့် တရားဓမ္မက္ခန် သုတ္တာန် အဘိဓမ္မာ ဒေသနာတော်များ ထင်ရှားရှိနေသမျှ၊ ဝိနည်းတရားတော်များ ထွန်းကားနေသမျှ ကာလပတ်လုံး သူတော်ကောင်းတရား ဘုရားသာသနာတော်တည်းဟူသော အရောင်အလင်းကို တွေ့မြင်နေကြလိမ့်မည်။

နေမင်းဝင်သွားသည်ရှိသော် လောကကြီးအမိုက်အမှောင်ဖြစ်သကဲ့သို့ ဗုဒ္ဓတရားဟောမြွက်ကြားသည့် တရားဓမ္မက္ခန်သုတ္တာန် အဘိဓမ္မာဒေသနာတော်များ ထင်ရှားမရှိခဲ့သော်၊ ဝိနည်းတရားတော်များလည်း ပျောက်ပျက်ခဲ့သည်ရှိသော် လောကကြီး၌ (မသူတော်တရားတည်းဟူသော)အမိုက်မှောင်ကြီးသာ ဖြစ်ပေါ်လိမ့်မည်ဟူသော မနောရထပူရဏီ ခေါ်မည်တွင်ဆို အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒေသနာတော်အရ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဟူသော ပိဋကသုံးသွယ် နိကာယ်ငါးရပ်ကိုသင်ယူခြင်း ပရိယတ္တိသည် သာသနာတော်သုံးရပ်တွင် အရင်းမူလပဓာနကျကြောင်း အရှင်မြတ်တို့ သိရှိပြီးဖြစ်ပါသည်။

ယင်းသို့ သိရှိပြီးအားလျော်စွာ အရှင်မြတ်တို့ အဇ္ဈတ္တသန္တာန်တွင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ငါးဖြာသောဗိုလ်ကြီးများကို ဦးစီးစေလျက် ဆောင်ရွက်ကျက်မှတ်ခဲ့ကြသဖြင့် (၅၈)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် မူလအာဘိဓမ္မိက ပိဋကဓရ၊ ဒီဃနိကာယကောဝိဒ၊ ဝိနယကောဝိဒအစရှိသော အောင်ပန်း ဘွဲ့တံဆိပ်အခန်းခန်းကို ဆင်မြန်းပန်ဆင်တော်မူကြရခြင်းဖြစ်ပါသည်။

အရှင်မြတ်တို့၏ ကြိုးပမ်းအားထုတ်မှု အောင်မြင်မှုများသည် တပည့်တော်တို့၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးတွင် ထိပ်တန်းကျသော အောင်မြင်မှုများဖြစ်သည့်အတွက် သာသနာတော်တိုးတက်ပွင့်လန်းမှုအရေး မြော်တွေးကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေနှင့် အလွန်တရာ ဝမ်းသာဂုဏ်ယူလျက် ရှိကြပါသည်။

နိုင်ငံတော်အစိုးရနှင့် ပြည်သူ ပြည်သား ဒါယကာ၊ ဒါယိကာမများတို့သည်လည်း အရှင်မြတ်တို့၏ အားထုတ်မှုအောင်မြင်မှုများကို လွန်စွာအားရ ကြည်ညိုမှုရှိကြသည့်အားလျော်စွာ ယခု(၅၈)ကြိမ်မြောက် တိပိဋကဓရ ချီးကျူး ပူဇော်ပွဲကြီးတွင် ပသံသာကာရ ပူဇနီယဝတ္ထုအစုစုတို့ဖြင့် ပူဇော်ကြ လှူဒါန်းကြသည်မှာ လိုလေသေးမရှိဟု ဆိုရမလောက်အောင်ပင် ပြည့်စုံလှပါသည်။

"ဒွေမာတိကာ ဘိက္ခဝေ ပဓာနာနိ ဒုရဘိသမ္ဘဝါနိ" အစရှိသော အင်္ဂုတ္တိုရ်ကျမ်းလာ ပဓာနသုတ် တရားတော်အရ လောက၌ ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုနှစ်မျိုးတို့တွင် အိမ်၌နေသူ လူဒါယကာ ဒါယိကာမတို့သည် အရှင်မြတ်တို့အား အကြောင်းပြုကာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို ထောက်ပံ့ခြင်းဖြင့် ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုများကို အားထုတ်လျက်ရှိကြပါသည်။

အရှင်မြတ်တို့လည်း ဒါယကာ ဒါယိကာမများ၏ လှူဒါန်းချီးမြှောက်မှုကိုခံယူကာ ယခုကဲ့သို့ အောင်မြင်သည်အထိ ပရိယတ္တိကို ကြိုးစားတော်မူကြ၍ ပဋိပတ်ဘက်ကို ဆက်လက်အားထုတ်နိုင်ကာ ဒါယကာ ဒါယိကာမတို့အား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူနိုင်ကြမည်ဖြစ်ပါသည်။

ဤကဲ့သို့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အချင်းချင်းညီညီညာညာ ကြည်သာဝမ်းမြောက် ချီးမြှောက်မှုပြုကြ၍ သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြပါက ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် အနှစ်မြားမြောင် ငါးထောင်မက ရှည်ကြာတည်တံ့နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပရိယတ္တိဝန်ဆောင် အရှင်မြတ်တို့သည်လည်း မိမိတို့ဆိုင်ရာ သာသနာ့ကိစ္စအဝဝကို ကျန်းမာချမ်းသာစွာ အားထုတ်တော်မူနိုင်ကြ၍လည်းကောင်း၊ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမတို့သည်လည်း မိမိတို့ဆိုင်ရာ သာသနာနုဂ္ဂဟ ကိစ္စအဝဝကို ကျန်းမာချမ်းသာစွာ အားထုတ်နိုင်ကြ၍လည်းကောင်း သာသနာတော်၏ အနှစ်ဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေဟု ပတ္ထနာပြုကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယသြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည်။ ။ **(သတင်းစဉ်)**

ရှုံးမအနောက်ခြမ်းဒေသခံပြည်သူများနှင့်နေပြည်တော်ရှိဝန်ထမ်းများ သွားလာမှုအဆင်ပြေရေး နေပြည်တော်–ပြည်–နေပြည်တော် ရထားခရီးစဉ် မြန်မာ့မီးရထားက စီစဉ်ဆောင်ရွက်ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် မေ ၂၇

ပဲခူးရိုးမ အနောက်ခြမ်းဒေသရှိ ဒေသခံပြည်သူများနှင့် နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် ၂၀၀၆ခုနှစ် မေ ၂၅ ရက်မှစတင်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ခရီးစဉ်တစ်ရပ်အဖြစ် နေပြည်တော်–ပြည်–နေပြည်တော်ရထားခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါ နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထား ခရီးစဉ် ပြေးဆွဲရာ ပျဉ်းမနားဘူတာသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၅ နာရီခွဲတွင် ရောက်ရှိလာပြီး မြန်မာ့မီးရထား တိုင်းအမှတ်(၅)မှ ကြီးကြပ်ရေးမှူး (သွားလာ) ဦးအောင်ထွန်းနှင့် ပျဉ်းမနားဘူတာမှ ဝန်ထမ်းများနှင့်အတူ နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားခရီးစဉ်သို့ လိုက်ပါစီးနင်းကြမည့် ခရီးသွား ရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး လက်ဆောင်ပစ္စည်းများဝေငှသည်။

ယင်းနောက် နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားသည် ပျဉ်းမနားဘူတာမှ နံနက်၆နာရီတွင် ထွက်ခွာသွားရာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားဘူတာမှ ဝန်ထမ်းများသည် ရထားစကြံမှနေ၍နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားဘူတာ၌ ရထား လက်မှတ်ဝယ်ယူနေကြသော ခရီးသွား ပြည်သူများအား လည်းကောင်း၊ခရီးသည်များအား လာရောက်ကြိုဆို/ပို့ဆောင်ကြသော ဧည့်သည်များအားလည်းကောင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထားမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား ခရီးသည်များ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရေးနှင့် လိုအပ်သော အခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်ပေးကြရေး မှာကြားကာ ပျဉ်းမနားဘူတာမှ ပြန်လည်ထွက်ခွာသွားသည်။

နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားကို မေ ၂၅ ရက်တွင် စတင်ပြေးဆွဲလျက်ရှိရာ နေပြည်တော်–ပြည် အမှတ်(၁၀၉) အဆန်အမြန်ရထားသည် နေပြည်တော်မှ နေ့စဉ် နံနက်၆နာရီတွင် ထွက်ခွာပြီး ပြည်ဘူတာသို့ ညနေ၆နာရီ ၁၀မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ပြည်–နေပြည်တော် အမှတ်(၁၁၀)အစုန် အမြန်ရထားသည် ပြည်ဘူတာမှ နံနက်၅နာရီတွင် ထွက်ခွာပြီး နေပြည်တော်သို့ ညနေ၅နာရီ၅မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

အဆိုပါ နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားသည် ခရီးစဉ် ဘူတာများအဖြစ် လယ်ဝေး၊ သစ်ပုတ်ပင်၊ မင်းပြင်၊ ဆတ်သွား၊ ချောင်းကောက်–ကိုးပင်၊ လှေဝန်း၊ အောင်လံ၊ ထောက်ကြန့်တိုင်၊ ပြလို့၊ ဒုရင်ဖိုလ်၊တီတွတ်၊ရွှေတံခါး၊ မော်ဇာ လမ်းဆုံတို့၌ ရပ်တန့်ပေးမည်ဖြစ်ပြီး ပြည်ဘူတာ၌ ခရီးဆုံးမည်ဖြစ်သည်။

ခရီးစဉ်တွင် လိုက်ပါစီးနင်းကြမည့် ခရီးသည်များအတွက် ရထားလက်မှတ်များကို နေပြည်တော်ဘူတာ၊ ရန်ကုန်ဘူတာနှင့် ပြည်ဘူတာတို့၌ တစ်ရက် ကြိုတင်ရောင်းချပေးသွားမည်ဖြစ်သည်။ လက်မှတ်ခ နှုန်းထားမှာ နေပြည်တော်–ပြည်ခရီးစဉ် အစအဆုံး ငွေကျပ် ၆၁၀ဖြစ်သည်။

ဖြည့်တင်းပြေးဆွဲပေး

အလားတူ မေ၁၈ရက်မှ စတင်၍ အမှတ်(၁၀၁) အဆန်နှင့်အမှတ်(၁၀၂) အစုန် နေပြည်တော်– ကျောက်ပန်းတောင်း–နေပြည်တော် စာပို့ရထားကို လည်း တွဲဆိုင်း နှစ်ဆိုင်းဖြင့် ဖြည့်တင်း ပြေးဆွဲပေးလျက်ရှိပြီး နေ့စဉ်နေပြည်တော်မှ ကျောက်ပန်းတောင်းသို့ တစ်စင်း၊ ကျောက်ပန်းတောင်းမှ နေပြည်တော်သို့ တစ်စင်းတစ်ပြိုင်တည်း ပြေးဆွဲပေးလျက်ရှိသည်။

အဆင်ပြေချောမွေ့

ထို့အတူ နေပြည်တော်–ပုဂံ အမှတ်(၁၀၇) အဆန်ရထားနှင့် ပုဂံ–နေပြည်တော် အမှတ်(၁၀၈) အစုန် ရထားခရီးစဉ်များကို တွဲဆိုင်း နှစ်ဆိုင်းဖြင့် မေ၁၈ရက်မှစတင်၍ နေ့စဉ် ပြေးဆွဲလျက်ရှိရာ စီးနင်းလိုက်ပါကြသည့် ခရီးသည်များ ခရီးသွားလာရေး အဆင်ပြေ ချောမွေ့လျက်ရှိကြောင်း သိရှိရသည်။

အထူးနှစ်သက်

ယနေ့ ပြေးဆွဲသည့် နေပြည်တော်–ပြည် အမှတ်(၁၀၉) အဆန် အမြန်ရထားဖြင့် နေပြည်တော်မှ ရွှေတံခါး၊မော်ဇာ၊ ပြည်ဘူတာသို့ သွားရောက်မည့် ခရီးသည် ၅၃ဦး အပါအဝင် နေပြည်တော်မှ ၈၅ ဦး လိုက်ပါစီးနင်းခဲ့ကြပြီး ရထားပေါ်၌ လေအိတ်ပါရှိသော ထိုင်ခုံများ တပ်ဆင်ထားသဖြင့် ခရီးသည်များအနေဖြင့် ငြိမ့်ညောင်းသက်သာစွာ စီးနင်းလိုက်ပါရသဖြင့် အထူးနှစ်သက်ကျေနပ်လျက်ရှိကြသည်။

ထို့အတူ နေပြည်တော်–ပုဂံ–နေပြည်တော် အမြန်ရထား ခရီးစဉ်တွင်လည်း ရန်ကုန်မြို့မှ နေပြည်တော်လာရောက်ကြသူများ ပျဉ်းမနားဘူတာမှတစ်ဆင့် ကူးပြောင်းစီးနင်းရာတွင် လွယ်ကူသဖြင့်အဆိုပါခရီးစဉ်ကိုလည်း ခရီးသွားပြည်သူများ နှစ်သက်ကျေနပ်အားရလျက်ရှိကြပြီး ရထားခရီးစဉ်တိုင်းတွင် ခရီးသည် ၂၀၀ခန့် စီးနင်းလိုက်ပါလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားခရီးစဉ်သို့ လိုက်ပါစီးနင်းကြမည့် ခရီးသွား ရဟန်းရှင်လူ ပြည်သူများအား လက်ဆောင်ပစ္စည်းများ ဝေငှစဉ်။ (သတင်းစဉ်)

သဘာဝမြင်ကွင်းများအပြင် လူတို့၏ ပင်ကိုလှုပ်ရှားမှုများ တစ်နေရာတည်း ကြည့်ရှုခံစားကြရမည့် ဓာတ်ပုံပညာရှင်တို့၏ ခံစားမှု

သတင်း:ဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - မြန်မာ့အလင်း

ရန်ကုန် မေ ၂၇

မိမိကိုယ်တိုင် မြင်တွေ့ခံစားရသည့် သဘာဝမြင်ကွင်းများ၊ လူတို့၏ ပင်ကိုလှုပ်ရှားမှုများကိုပြည်သူတို့ တစ်နေရာတည်း ကြည့်ရှုခံစားနိုင်ရန် ဓာတ်ပုံပညာကျွမ်းကျင်စွာဖြင့် ရိုက်ကူးပြသထားသော "Instant Photo" ဓာတ်ပုံပြပွဲသို့ ယနေ့ရောက်ရှိခဲ့သည်။

တင်ပြထား

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီခန်းမ၌ ဓာတ်ပုံပညာရှင် ဦးစိုးနှင့် သားဖြစ်သူ ကျော်သီဟစိုးတို့၏ ထိမိစူးရှသော ရိုက်ချက်များကို ဓာတ်ပုံပေါင်း ၃၉ပုံဖြင့် တင်ပြထားခြင်းဖြစ်သည်။

ကြိုးစားအားထုတ်

ဓာတ်ပုံတိုင်းတွင် သဘာဝကျသော မြင်ကွင်း၊ ဓာတ်ပုံရှုထောင့်၊ အလင်းအမှောင်၊ ပြတ်သားမှုများက အံ့ဖွယ်ကောင်းအောင် အဆင့်အတန်းမြင့်လှသည်။ ဓာတ်ပုံတိုင်း အပင်ပန်းခံ ရိုက်ကူးထားမှု၊ ကြိုးစားအားထုတ်မှုများကို တွေ့ရသည်။

"ညနေခင်း" ဟု အမည်ပေးထားသော ဓာတ်ပုံဆရာ ကျော်သီဟစိုး၏ ဆန်းသစ်သောလက်ရာ။ (ဓာတ်ပုံ-မြန်မာ့အလင်း)

ပထမဦးစွာ လူများဝိုင်းအုံကြည့်ရှုနေသော **"Beautiful Life"** ဓာတ်ပုံကိုလေ့လာမိသည်။ လေရှီးမှ နာဂတိုင်းရင်းသူတစ်ဦး နေအိမ်ပြတင်းပေါက်၌ ကလေးငယ်ကို ကျောတွင်ချီပိုးရင်း မှန့်စားနေသည့် မြင်ကွင်းဓာတ်ပုံဖြစ်သည်။ နာဂတိုင်းရင်းသားတို့၏ ကျေးလက်နေအိမ်ဝါးထရံအကာများကိုလည်းထည့်သွင်းထားပြီး ဓာတ်ပုံရိုက်ယူနေမှန်းမသိအောင်ကြိုးစားရိုက်ယူထားပုံဖြစ်သည်။ ပင်ကိုစရိုက်အတိုင်း လွတ်လပ်ပေါ့ပါးစွာ မုန့်စားနေပုံများကို လျှပ်တစ်ပြက်အတွင်းရိုက်ယူထားရာ ဓာတ်ပုံရိုက်ကူးမှု၊ ပုံဖွဲ့စည်းမှုနှင့် အယူအဆအပြင် ရှုထောင့်ယူပုံများက ကြည့်ရှုသူကို အမြင်ဆန်းစေသည်။ ဦးစိုး၏ ဓာတ်ပုံပညာ အဆင့်ကို ဖော်ပြနေသည့်ပုံပင်ဖြစ်သည်။

"°Leaves-3°" ဟု အမည်ပေးထားသော ဓာတ်ပုံဆရာ ကျော်သီဟစိုး၏ လက်ရာ။ (ဓာတ်ပုံ-မြန်မာ့အလင်း)

နာဂရိုးရာဓလေ့ပွဲတော်

ဦးစိုး၏ လက်ရာ တစ်ခုမှာ **"Working and Sleeping"** အမည်ရှိ ဓာတ်ပုံဖြစ်သည်။ နာဂရိုးရာဓလေ့ ပွဲတော်တစ်ခုတွင် သွားလာလုပ်ကိုင်နေသော မိခင်များ၏ ကျောပေါ်တွင် အိပ်ငိုက်နေသော၊ အိပ်ပျော်နေသော နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော၊အိပ်ချင်၍သမ်းနေသော၊ကလေးငယ်တို့၏ ပင်ကိုစရိုက်များကို နဂိုမူရင်းအတိုင်း လိုက်လံရိုက်ကူးထားခြင်းဖြစ်သည်။ ကလေးငယ်များ၏

" Working and Sleeping ဟု အမည်ပေးထားသည့် ဓာတ်ပုံဆရာ ဦးစိုး၏လက်ရာ။ (ဓာတ်ပုံ-မြန်မာ့အလင်း)

လက်ရာဖြစ်သည်။ မော်ဘီ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းမှနေ၍ ညနေခင်း နေဝင်ချိန်အလှကို လှလှပပ ရိုက်ကူးထားခြင်းဖြစ်သည်။နေအလင်းရောင်အားနည်းနေချိန်တွင် ရိုးတံကျဲကျဲနှင့် သစ်ပင်များအပေါ် အလင်းရောင် မရောက်ရှိနိုင်ပုံကို အလင်းအမှောင် နှစ်မျိုးဖြင့် ရိုက်ကူးထားသည်။ အလင်းအမှောင်ရောထွေးမှု၊ အမြင်အာရုံ ရှုပ်ထွေးမှုမရှိအောင် လက်စွမ်းပြထားရာ ပညာဖြင့်နှစ်ပုံပြန်ဆက်ပြီး ဖန်တီးတင်ပြထားရာ ဓာတ်ပုံပေါ်မှအမြင်အာရုံနှစ်ခုကို တစ်ပြိုင်နက်တည်း ကြည့်ရှုခံစားနိုင်အောင်လည်း ကြိုးစားထားမှုကို သတိပြုမိသည်။

ကျော်သီဟစိုး၏ နောက်လက်ရာ တစ်ခုမှာ "Leaves-3" ဟု အမည်ပေးထားသော ဓာတ်ပုံဖြစ်သည်။ ငါးဆူတောင်ရှိ စိုက်ခင်းတစ်ခု၌ ညနေသုံးနာရီတွင် ရိုက်ယူထားသည့် သစ်ပင် မျက်နှာများပေါ်တွင် နေအလင်းရောင် ကျရောက်စဉ်ရိုက်ကူးထားခြင်းဖြစ်ပြီး မလိုအပ်သည့် အစိတ်အပိုင်းများကို ဖယ်ထုတ်ထားရာ ပုံအတိုင်း အသက်ဝင်လျက်ရှိသည်။ ဓာတ်ပုံလေးပုံကို အနေအထားနှင့် လှုပ်ရှားမှုမတူ၊ အကြောင်းအရာတူသည့် ဖွဲ့စည်းမှုဖြင့် စုစည်းပြီး ဓာတ်ပုံတစ်ပုံအဖြစ် တင်ပြထားရာ သာမန်အားထုတ်မှု မဟုတ်ကြောင်း အထင်းသားတွေ့မြင်ရသည်။ ဦးစိုး၏ စိတ်ကူးကို အသိအမှတ်ပြုရသည်။

လှလှပပ

"ညနေခင်း" ဟု အမည်ပေးထားသော ဓာတ်ပုံမှာ ကျော်သီဟစိုး၏ ဓာတ်ပုံပညာရှင် လူငယ်တစ်ဦး၏ စိတ်ကူးကို ထင်းခနဲ မြင်သာအောင် ဖော်ပြနိုင်သည့် ဓာတ်ပုံဖြစ်သည်။

"Beautiful Life"ဟု အမည်ပေးထားသော ဓာတ်ပုံဆရာ ဦးစိုး၏ လက်ရာ။ (ဓာတ်ပုံ- မြန်မာ့အလင်း)

အမြင်အာရုံ

တစ်ဖန် အောက်ပုံကို ကွန်ပျူတာ လေး တစ်ပုံဖြစ်သည်။ ကောင်းကင်ပြာလဲ့လဲ့နှင့် အဖြူရောင် တိမ်တိုက်များ ရောထွေးမသွားအောင် သစ်ရွက်လေးများကို တစ်ရွက်ချင်း မြင်သာအောင်၊ နောက်ခံကောင်းကင်ရောင်နှင့်သီးခြားစီဖြစ်အောင် စိတ်ကူးကောင်းကောင်းဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။ ပြတ်သားမှု၊ရိုက်ယူမှုမြင်ကွင်းအနေအထား ရွေးချယ်မှုတို့မှာအပြစ်ဆိုဘွယ်မရှိအောင် ကောင်းမွန်လှသည်။ ကောင်းကင်ကို နောက်ခံထားပြီး အပင်အောက်မှ ပင့်ရိုက်ထားသည်မှာ ပင်စည်၊ အကိုင်း၊ အရွက်တို့ကို တစ်ခုချင်း ပေါ်လွင်စေသည်။ အမြင်အာရုံခံစားမှုကို လွင့်မျောစေသည်။ ဘေးတွင်ရှိသောပုံမှာ နဂိုမူရင်းပုံကို ကွန်ပျူတာဖြင့် အပေါ်အောက် ဆက်ထားခြင်းဖြစ်သည်။ ဓာတ်ပုံပညာနှင့် ကွန်ပျူတာ နည်းပညာပေါင်းပြီး ဖြစ်ပေါ်လာသည့်ရုပ်ပုံကို ကြည့်ရှုသူတို့အတွက် တစ်မျိုးတစ်ဘာသာ ခံစားမှုပေးနိုင်အောင် ကြိုးစားထားခြင်းဖြစ်သည်။

လက်ရာကောင်း

"Instan Photo" ဓာတ်ပုံပြပွဲ၌ မြန်မာနိုင်ငံအနှံ့မှ မြင်ကွင်းအဖုံဖုံ၊ မြန်မာ့အလှ၊မြန်မာ့အနုပညာ၊ မြန်မာတို့၏ ရှေးဟောင်းပစ္စည်းများ အပါအဝင် တိုင်းရင်းသားတို့၏သဘာဝကျသော နေထိုင်ဝတ်စားမှုများပါမကျန် လက်စွမ်းပြ ရိုက်ကူးတင်ပြထားပြီး မြန်မာ့ဓာတ်ပုံပညာရှင်တို့၏ နိုင်ငံတကာ အဆင့်မီဓာတ်ပုံလက်ရာများကို မေ၂၇ရက်မှ မေ၃၁ရက်အထိ ပြသထားရာ လေ့လာ ကြည့်ရှုသင့်ပါကြောင်း သတင်းစကား ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ ရက် မှ ၃၁ ရက် အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

၂၀၀၆-၂၀၀၇ ပညာသင်နှစ်

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ ၂၅ရက် မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍ ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၈-၅-၂၀၀၆)ရက်နေ့

၂၀၀၆ခုနှစ် ဇွန်လအတွက်

(၁၁-၆-၂၀၀၆)ရက်နေ့နှင့်

(၂၅-၆-၂၀၀၆)ရက်နေ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဝိနယဓရဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်များနှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင် ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက တိပိဋကဓရ ဩဝါဒါစရိယဆရာတော်များ ဆိုင်းဘုတ်ကိုကိုင်ဆောင်၍ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများကို ပင့်ဆောင်သည်။

ပင့်ဆောင်

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆိုင်းဘုတ်ကိုကိုင်ဆောင်၍ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များကို ပင့်ဆောင်သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးအောင်ထွေးက စာအောင်အရှင်မြတ်များ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ မူလအာဘိဓမ္မိကအောင် သာသနဓဇအာဇာနည် အရှင်သူမြတ်နှစ်ပါး၊ ဒီဃနိကာယကောဝိဒအောင် သာသနဓဇအာဇာနည် အရှင်သူမြတ်နှစ်ပါး၊ ဒီဃဘာဏကအောင် သာသနဓဇအာဇာနည်အရှင်သူမြတ်တစ်ပါး၊ ဝိနယကောဝိဒအောင် သာသနဓဇအာဇာနည်အရှင်သူမြတ်တစ်ပါး၊ ဝိနယဓရအောင် သာသနဓဇအာဇာနည်အရှင်သူမြတ် ၁၈ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ အောင်သာသနဓဇအာဇာနည်အရှင်သူမြတ် ခုနစ်ပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် သာသနဓဇအာဇာနည်အရှင်သူမြတ် ၄၂ပါး စုစုပေါင်းသာသနဓဇအာဇာနည်အရှင်သူမြတ် ၇၃ပါးတို့အား ပင့်ဆောင်လာကြရာ စာပေလက်ထောက်(၁) ဦးစံတင်အောင်က ပန်းမိုးရွာလျက် လိုက်ပါလာသည်။

ရှိခိုးပူဇော်

ယင်းသို့ ပင့်ဆောင်ချိန်တွင် နိုင်ငံတော်မင်္ဂလာဆိုင်းအဖွဲ့က ဓမ္မပူဇာတေးများဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် အခမ်းအနားသို့ တက်ရောက်လာကြသော ပရိသတ်များကလည်း ဆရာတော် သံဃာတော် အရှင်သူမြတ်များအားရိုသေညွတ်တွားလက်အုပ်ချီမိုး၍ ရှိခိုးပူဇော်ကြသည်။

ထို့နောက် နံနက် ၈နာရီတွင်(၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြကာ တေးသံရှင် ဦးထွန်းရွှေက မင်္ဂလာစောင်းအဖွဲ့နှင့်တွဲဖက်၍ ရောင်ခြည်တော်ဘွဲ့ ထူးမခြားနားသီချင်းခန့်ဖြင့် သီဆိုပူဇော်ပြီးနောက် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈လုံးတို့ကို တစ်ပြိုင်တည်း ကိုးကြိမ်တီးခတ်ပူဇော်ကြသည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များသည် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌမော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက်ပဓာန

စာမျက်နှာ ၈ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇယာဘိဝံသဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

သြဝါဒကထာမြွက်ကြားချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေး ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သာရဏီယသြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၏ သြဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ရိုသေလေးစားစွာဖြင့် လျှောက်ထားအပ်ပါသည် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား–

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌ ယနေ့ကျင်းပပြုလုပ်သည့် (၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒချီးကျူးပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဆရာတော်များ၊ စာထောက်စာမဆရာတော်များနှင့်တကွ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်အပေါင်းတို့အား ယခုကဲ့သို့ စုံညီစွာ ဖူးမြော်ကြည်ညိုခွင့်ရရှိပြီး ပူဇော်သင့် ပူဇော်ထိုက်သည့် အရှင်သူမြတ်တို့အား ချီးမြှောက်ပူဇော်ခွင့် ရရှိပါသဖြင့် ကုသိုလ်မင်္ဂလာအကျိုးတရားများ တိုးပွားရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

သာသနာ့သမိုင်းတွင် ထင်ရှား

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၉၄၈ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သော စာမေးပွဲကြီးဖြစ်ပါကြောင်း၊ ဤတိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှ ၁၉၅၃ခုနှစ်တွင် ပထမဦးဆုံးပေါ်ထွန်းခဲ့သော တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဖြစ်တော်မူသည့် စစ်ကိုင်းမြို့ မင်းကွန်းဓမ္မနာဒကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ သာသနာ့ အာဇာနည်အရှင်မြတ်ဆိုလျှင် ဆဋ္ဌသံဂါယနာမဟာသန္နိပါတ ပွဲသဘင်ကြီး၌ ပိဋကသုံးပုံအဖြေ ဝိသဇ္ဇနကဆရာတော်အဖြစ် သာသနာ့သမိုင်းတွင် ထင်ရှားခဲ့ပါကြောင်း။

ဂုဏ်ယူဖွယ်ရာကောင်း

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် အာဂုံဆောင်စွမ်းရည်နှင့်ကျမ်းဂန်နှံ့စပ်မှုစွမ်းရည် ရှိတော်မူကြသည့် သာသနာ့အာဇာနည်

လောင်းလှူ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တိပိဋကဓရ တိပိဋက ကောဝိဒ စာအောင် သံဃာတော်အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဥဘတော ဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းဥဘတော ဝိဘင်္ဂရေဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးအား ဘွဲ့ တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)

အမှတ် (၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တိပိဋကဓရ တိပိဋက ကောဝိဒ စာအောင် သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတိပိဋကဓရ တိပိဋက ကောဝိဒ စာအောင် သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

28-5 (08).p65 1 1/27/32, 12:16 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အမှူးပြုသောအဖွဲ့ဝင်များ၊ ပရိသတ်များက (၅၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ မင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ပုဂ္ဂိုလ်များ၏ ဉာဏ်ကျက်စားရာ စာမေးပွဲကြီးဖြစ်ပါကြောင်း၊ ယင်းစာမေးပွဲကြီးကို နှစ်စဉ် ရက်ပေါင်း၃၃ရက်တိုင်တိုင် ကျင်းပရက်ကာလ ရှည်ကြာစွာ ကျင်းပရသည့် စာမေးပွဲကြီးဖြစ်သဖြင့် ကမ္ဘာ့အရပ်ရပ်တွင် မည်သည့်နိုင်ငံတွင်မျှ မကျင်းပနိုင်ဘဲ မြန်မာနိုင်ငံ တစ်နိုင်ငံတည်း၌သာ ကျင်းပနိုင်သော တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကဲ့သို့ပင် မြန်မာနိုင်ငံအဖို့ ပိဋကစွယ်စုံ ဂုဏ်ထူးကိုပင် ထပ်ဆောင်းရရှိဦးမည်ဟု ယုံကြည်ပါကြောင်း။

၂၀၀၅ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်တွင် စတင်ကျင်းပ၍ ၂၀၀၆ခုနှစ် ဇန်နဝါရီတွင် ကျင်းပပြီးစီးခဲ့သော (၅၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋက

လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း တိပိဋကဓရ၊ တိပိဋက ကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ် တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

ခြင်းကြောင့် အလွန်တရာ ဂုဏ်ယူဖွယ်ရာကောင်းသော စာမေးပွဲကြီးဖြစ်ပါကြောင်း။

ထို့အပြင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များအပါအဝင် စာမေးပွဲနည်းကျမ်းရိုးပေါက်နည်းများဖြင့် ပရိယတ္တိစာပေ ကျွမ်းကျင်နှံ့စပ်တော်မူကြသည့် ကျမ်းတတ်အကျော်အမော် ဆရာတော်ကြီးများ အဆက်ဆက်ဦးစီး၍ တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီးကို ပြုစုပုံနှိပ်ထားရာ အုပ်တွဲ ၁၈အုပ် ပြီးစီးနေပြီး ကျန်အတွဲလေးတွဲကို မကြာမီကာလအတွင်း အပြီးသတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းတိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီးသည် ပါဠိတော်၊ အဋ္ဌကထာ ဋီကာမျိုးစုံတွင် ပါဝင်သည့် မည်သည့်ပုဒ်မှ မကျန်ရှိအောင် ကျယ်ဝန်းနှံ့စပ်စွာ စုစည်းထားသဖြင့် ဝီရိယအား၊ ဉာဏ်အား ကျွမ်းကျင်မှုအားတို့ဖြင့် အချိန်ပေးဆောင်ရွက်ရသည့် ကျမ်းကြီးဖြစ်ပါကြောင်း၊ မြန်မာဆရာတော်များ ပြုစုထားသည့် ယင်းတိပိဋက ပါဠိ–မြန်မာအဘိဓာန်ကျမ်းကြီးကို ကျန်ထေရဝါဒနိုင်ငံများက မိမိတို့ဘာသာဖြင့် ပြန်ဆိုရန် အားထုတ်နေကြသော်လည်း ယနေ့အထိ အောင်မြင်မှုမရှိသေးကြောင်း ကြားသိရပါကြောင်း၊ ယခုအခါ တိပိဋကပါဠိ–မြန်မာအဘိဓာန်ကျမ်းကြီးကို ကမ္ဘာသုံး အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေနိုင်ရေးအတွက် ပဏာမအနေဖြင့် အဘိဓာန်အကျဉ်းကို အင်္ဂလိပ်ဘာသာကျွမ်းကျင်သော ရဟန်းပညာရှင်၊ လူပုဂ္ဂိုလ်ပညာရှင်များက အဖွဲ့ ငါးဖွဲ့ခွဲ၍ ရေးသားပြန်ဆို ပြုစုလျက်ရှိရာ ဤတိပိဋကဓရ၊

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

တရားသူကြီးချုပ် ဦးအောင်တိုး တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

ကောဝိဒ ရွေးချယ်စာမေးပွဲကြီးတွင် အာဂုံပြန်နှင့် ရေးဖြေအောင်မြင်တော်မူကြသော သာသနာ့အာဇာနည်အရှင်မြတ်များမှာ–

- ပိဋကနှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိကအရှင်မြတ် – နှစ်ပါး
- ပိဋကနှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယကောဝိဒအရှင်မြတ် – နှစ်ပါး
- ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏကအရှင်မြတ် – တစ်ပါး
- ပိဋကတစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒအရှင်မြတ် – တစ်ပါး
- ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရ အရှင်မြတ် – ၁၈ပါး
- ဝိနည်းပထမပိုင်းအာဂုံနှင့်ရေးဖြေအောင်မြင်၍အသိအမှတ်ပြုလက်မှတ် ဆက်ကပ်ခံရသည့် အရှင်မြတ် – ၄၉ပါး

စုစုပေါင်း သာသနာ့အာဇာနည် အရှင်မြတ် ၇၃ပါးတို့ အောင်မြင်တော်မူခဲ့ကြကြောင်း။

သာသနာပြုကုသိုလ်ထူးကြီး

ယင်းကဲ့သို့ တိပိဋကနှစ်ပုံခွဲအောင်၊ ပိဋကနှစ်ပုံအောင်၊ ပိဋကတစ်ပုံအောင် သာသနာ့ အာဇာနည် အရှင်မြတ်တို့အား စဉ်ဆက်မပြတ် ဖူးမြော်ပူဇော်ခွင့် ရရှိနေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူ၊ ပြည်သား၊ ဒါယကာ၊ ဒါယိကာမများအဖို့ အလွန်တရာ ထူးကဲလှသော သာသနာပြု ကုသိုလ်ထူးကြီးကို ဆည်းပူးပြုလုပ်ခွင့်နှင့် ကြုံကြိုက်ခြင်းဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လှပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပရိယတ်တရားတော်များသည် နာယူမှတ်သား ကျင့်ကြံပွားများသော ပုဂ္ဂိုလ်သတ္တဝါတို့အား လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်သော တရားတော်ဖြစ်ပါကြောင်း၊ ထိုတရားတော်များ မဆိတ်သုဉ်း မပျောက်ကွယ်စေရန် ပရိယတ်ဝန်ဆောင် သံဃာတော်အရှင်မြတ်အပေါင်းတို့က ဝီရိယအား၊ ဉာဏ်အားဖြင့် သင်အံလေ့ကျက်ဆည်းပူးဖြန့်ပွားလျက်ရှိ သည်ကို ဖူးတွေ့ရပါသဖြင့် အနာဂတ်သာသနာတော် စည်ပင်ပြန့်ပွားထွန်းကားရေးအတွက် အားတက်ဖွယ်ရာ ဖြစ်ပါကြောင်းဖြင့် လျှောက်ထားသည်။

မူလအာဘိဓမ္မိကဘွဲ့တံဆိပ်

ယင်းနောက် တိပိဋကရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့တံဆိပ်တော်ရ ဒဂုံမြို့နယ် တိပိဋကကျောင်းတိုက်မှ အရှင်သီလာစာရနှင့် ရန်ကင်းမြို့နယ် ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်မှ အရှင်သုနန္ဒ အရှင်သူမြတ်တို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဒီဃနိကာယ ကောဝိဒဘွဲ့တံဆိပ်တော်ရ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင်ကျောင်းတိုက်မှ အရှင်စန္ဒနနှင့် စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်စက္ကိန္ဒနှင့် ဒီဃဘာဏကဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက နိကာယကျောင်းတိုက်မှ အရှင်ကောသလ္လ အရှင်သူမြတ်တို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဆက်ကပ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဝိနယဓရဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်လေးပါးနှင့် ဝိနယကောဝိဒဘွဲ့ တံဆိပ်တော်ရ အရှင်သူမြတ် တစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

ရှေ့နေချုပ် ဦးအေးမောင် ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဝိနယဓရ ဘွဲ့တံဆိပ်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းတို့က ဝိနယဓရ ဘွဲ့တံဆိပ်တော်ရအရှင်သူမြတ် ငါးပါးစီတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁

28-5 (09).p65 1 1/27/32, 12:16 AM

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ရေနံ့သာမောင်ကျော်ညွန့်

ဇွန်လ ၁ ရက်နေ့တွင် အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်တည်း ဖွင့်လှစ်တော့မည် ဖြစ်ပါသည်။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်၏ သင်ကြားမှု၊ သင်ယူမှု လုပ်ငန်းများကို ကျောင်းဖွင့်သည်နှင့်တစ်ပြိုင်နက် စတင် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ သင်ကြားမှု၊ သင်ယူမှု လုပ်ငန်းများ အဆင်သင့်ဖြစ်နေစေရန် အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရပေမည်။ ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းအသီးသီး အနက်မှ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမြဲပြီး မူလတန်းပညာ ပြီးဆုံးသည်အထိ သင်ယူပြီးမြောက်ရေးလုပ်ငန်းတို့ကို အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းနှင့် ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာ ပြီးဆုံးသည်အထိ သင်ယူပြီးမြောက်ရေး လုပ်ငန်းတို့သည် အခြေခံပညာကဏ္ဍ အနှစ်(၃၀) နှစ်ရှည် စီမံကိန်းလုပ်ငန်းစဉ်(၂)၏ စီမံချက်တစ်ခုဖြစ်သည်။ ထိုစီမံချက်ကို ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပညာရေးစေတနာရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများက ပညာသင်နှစ်တိုင်းတွင် ဝိုင်းဝန်းကူညီ အားပေးကြပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများ မဖွင့်လှစ်မီ ရက်သတ္တပတ်ကို ကျောင်းနေအရွယ် ကလေးငယ်အားလုံး မူလတန်းပညာသင်ယူခွင့်ရရှိရေးနှင့် မူလတန်းပညာသင်ယူပြီးမြောက်သည်အထိ တက်ရောက်နိုင်ရန်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ စတင်ပြီး ကျောင်းအပ်နှံရေးစီမံချက်ဝင် မြို့နယ်များသတ်မှတ်၍ နှစ်စဉ်တိုးချဲ့လာခဲ့ရာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် မြို့နယ်ပေါင်း ၃၁၉ မြို့နယ်အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းစီမံချက်အရ အသက်ငါးနှစ်ပြည့်ပြီးသည့် ကလေးများ၊ သူငယ်တန်းကျောင်းနေ အရွယ်လွန် ကလေးများနှင့် မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသည့် ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ အားပေးကူညီခဲ့ကြသည်။ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးလှူဒါန်းခဲ့ကြသည်။ အကျိုးဆက်မှာ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် အသက်ငါးနှစ်ပြည့်ပြီး ကလေးဦးရေ၏ ၉၁ ရာခိုင်နှုန်း သူငယ်တန်းသို့ တက်ရောက်နိုင်ခဲ့ရာမှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် အသက် ငါးနှစ်ပြည့် ကလေးဦးရေ၏ ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ သူငယ်တန်းသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျောင်းနေအရွယ်လွန် ကလေးများအား အသက်အရွယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအရ မူလတန်းပညာကို အချိန်တိုအတွင်း သင်ယူပြီးမြောက်အောင် အထူးအစီအစဉ်ဖြင့်သင်ကြားပေးလျက်ရှိပါသည်။ အသက်ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်ရှိနေပြီးမှ သူငယ်တန်းသို့ ဝင်ရောက် လာသောကလေးများကို ပညာသင်နှစ် သုံးနှစ်ဖြင့်လည်းကောင်း၊ အသက်ကိုးနှစ်နှင့် အထက် အရွယ်ရှိနေပြီးမှ သူငယ်တန်းသို့ ဝင်ရောက် လာသောကလေးများကို ပညာသင်နှစ် နှစ်နှစ်ဖြင့်လည်းကောင်း မူလတန်းပညာ သင်ယူပြီးမြောက်အောင် သင်ကြားပေးနေသည့် အစီအစဉ်ဖြစ်ပါသည်။ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေး၊ မူလတန်းပညာ သင်ယူပြီးမြောက်သည်အထိ ကျောင်းနေမြဲရေးအတွက် အခက်အခဲရှိနေသော ကျောင်းသူ၊ ကျောင်းသားများအား ငွေကြေးနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများကို ထောက်ပံ့ ကူညီလှူဒါန်းပေးလျက်ရှိပါသည်။

ထူးခြားကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဆောင် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးငွေပဒေသာပင်နှင့် ပညာသင်စရိတ်များကို ထောက်ပံ့ကူညီပေးလျက်ရှိသည်။ ထူးခြားကျောင်းသား၊ကျောင်းသူဆိုသည်မှာ ကျောင်းအပ်နှံရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်ရာတွင် ထူးခြားစွာ ကျောင်းတက်ခွင့်ရရှိလာသည့် ကလေးများ ဖြစ်ပါသည်။ ဂုဏ်ထူးဆောင် ကျောင်းသား၊ ကျောင်းသူများဆိုသည်မှာ ကိုယ်အင်္ဂါ ချို့ယွင်းပြီး စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ပညာရည်ထူးချွန်သူကလေးများ ဖြစ်ကြပါသည်။ ကျောင်းအပ်နှံရေးနှင့် ကျောင်းနေမြဲရေး လုပ်ငန်းများအတွက် နိုင်ငံတော်နှင့် ဒေသခံပြည်သူများ၊ ပညာရေးစေတနာရှင်များက ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ငွေကျပ် သန်းပေါင်း ၂၉၀ ဒသမ ၃၄ သန်း ပံ့ပိုးလှူဒါန်းနိုင်ခဲ့ရာမှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ငွေကျပ်သန်းပေါင်း ၆၆၈ဒသမ၆၈သန်းအထိ တိုးမြှင့်ပြီး ပံ့ပိုးလှူဒါန်းနိုင်ခဲ့သည်။ ကျောင်းအပ်နှံရေးနှင့် ကျောင်းနေမြဲရေးလုပ်ငန်းကို နိုင်ငံတော် အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပြီး တစ်ခဲနက် ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်သည်မှာ ပေါ်လွင်ထင်ရှားလှသည်။

၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၀၆ ခုနှစ် မေလ ၂၅ ရက်မှ ၃၁ ရက်နေ့အထိ သတ်မှတ်ပေးထားသည်။ ယခု ၂၀၀၆-၂၀၀၇ပညာသင်နှစ်၌ မြို့နယ်၃၂၅မြို့နယ်တို့သည် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးစီမံချက် မြို့နယ်များအဖြစ်လှုပ်ရှား ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး လုပ်ငန်းစဉ်(၄)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လှုပ်ရှားဆောင်ရွက်နေကြပြီဖြစ်သည်။

ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်(၄)ရပ်မှာ-

- **မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊**
- **ကျောင်းပျက်ကွက်မှု ကျောက်ထွက်မှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊**
- **ကျောင်းနေရန် အခက်အခဲရှိသည့် ကလေးများ၊ ကျောင်းပျက်ကွက်သည့် ကလေးများအတွက် ဖြည့်ဆည်းပံ့ပိုးခြင်း၊ မိဘများအား ဆွေးနွေးပညာပေးခြင်း၊**
- **စတုတ္ထတန်းပြီးဆုံးသူများမှအပ ကျန်ကလေးအားလုံး ကျောင်းပြန်တက်စေရန် စိစစ်ကြပ်မတ်ခြင်း** တို့ဖြစ်ပါသည်။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၏ ရေသောက်မြစ်ဖြစ်သော ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းနှင့် ကျောင်းနေမြဲရေးလုပ်ငန်းတို့ကို ယခင်ပညာသင်နှစ်များနည်းတူ ယခု မေလ ၂၅ ရက်မှ ၃၁ ရက်အတွင်း ကျောင်းအပ်နှံရေး သီတင်းပတ်၌ ဒေသဆိုင်ရာ အာဏာပိုင်တို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများ အားလုံး ပူးပေါင်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် တက်ညီလက်ညီ အင်တိုက်အားတိုက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်းနှင့် ရုံးသုံးကွန်ပျူတာအဆင့်မြင့်သင်တန်းဆင်း

ရန်ကုန် မေ ၂၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၀၆)နှင့် ရုံးသုံးကွန်ပျူတာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၂/၂၀၀၆) ဆင်းပွဲကို ယမန်နေ့ နံနက် ၇နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁)လမ်းထောင့်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန၏ သင်တန်းခန်းမဆောင်၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး (အပေါ်ပုံ)**လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၀၆)၌ ပထမဆုရရှိသူ မြန်မာ့အထည်အလိပ်လုပ်ငန်း ရမည်းသင်းဆေးဆိုးပန်းရိုက်စက်ရုံမှ အလုပ်ရုံစုမှူး ဒေါ်မွန်မွန်ကျော် အားလည်းကောင်း၊ ဒုတိယဆုရ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယ ကြီးကြပ်ရေးမှူး ဒေါ်နီနီလွင်အားလည်းကောင်း၊ တတိယဆုရရှိသူ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဌာနခွဲမှူး ဒေါ်စုမြတ်လှအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။**

ဆက်လက်၍ ဝန်ကြီးသည် ရုံးသုံးကွန်ပျူတာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၂/၂၀၀၆)၌ ပထမဆုရရှိသူ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း(ရုံးချုပ်)မှ ထုတ်ကျွမ်း (၅)ဒေါ်စန်းမြထွေးအား လည်းကောင်း၊ ဒုတိယဆုရရှိသော အလုပ်ရုံစိတ်မှူး ဒေါ်ဇာဇာလှိုင်အား လည်းကောင်း၊ တတိယဆုရရှိသူ မြန်မာ့စားသောက် ကုန်လုပ်ငန်း ပဲငံပြာရည်နှင့် ရှာလကာရည်စက်ရုံမှ အကြီးတန်းစာရေးဒေါ်သိင်္ဂီထွန်းအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို အသင်းခေါင်းဆောင်သို့ ပေးအပ်သည်။

တက်ရောက်

အဆိုပါ သင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၃ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာရက်သတ္တ လေးပတ်ဖြစ်ကြောင်း သိရှိရသည်။

တွေ့ဆုံ

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ စက်မှုညွှန်ကြားမှုအစည်းအဝေးခန်းမ၌ တာမွေမြို့နယ်၊ ဗဟန်းမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်စည်းရုံးရေးမှူးများအားတွေ့ဆုံရာ တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေ၊ ဗဟန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲကျော်သူရွှေနှင့် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်နိုင်တို့က မိမိတို့နယ်မြေ ဒေသအတွင်း ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တာမွေ၊ ဗဟန်းနှင့် ပန်းဘဲတန်းမြို့နယ်တို့အတွင်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များက ပြည်သူ့အကျိုးပြု လုပ်ငန်းများအား ပြည်သူများနှင့်အတူ ပေါင်းစပ်ဆောင်ရွက်နေမှုအခြေ အနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

တင်ပြချက်များအပေါ် အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းကြီး၏ မွန်မြတ်သန့်စင်သောရည်ရွယ်ချက်များနှင့် လိုက်လျောညီထွေစွာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်သွားရေး၊ ပြည်သူများအကြား ပြန့်လွင့်နေသည့် အချေအမြစ်မရှိသော ကောလာဟလသတင်းများကို အမှန်တရားဖြင့် ချေဖျက်သွားရေး၊ခံယူချက်၊ယုံကြည်ချက် ပြည့်ဝစွာဖြင့် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားရေး၊ အသင်းဝင်အင်အား တိုးပွားရေးအတွက် စည်းရုံးဆောင်ရွက်သွားရေး စသည်ဖြင့် အသေးစိတ် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိမ်းလန်းသာယာ ပြည်မြန်မာ

သယံဇာတ တောမှုရ၏

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ရည်မှန်းချက်မှာ စာပေနှင့်ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖြစ် ပုံနှိပ်လုပ်ငန်းများဖြင့် နိုင်ငံတော်၏ဝင်ငွေတိုးတက်ရေး တစ်ဖက်တစ်လမ်းမှဆောင်ရွက် အသုံးစရိတ်များခြိုးခြံချွေတာပြီး ဝင်ငွေနှစ်ဆတိုးရအောင် ရည်မှန်းချက်ထားလုပ်ကိုင်

နေပြည်တော် မေ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ ခုနှစ် ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်စရိတ်၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်ဂုဏ်ပြု ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနခန်းမကြီး၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက် အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးအရာရှိနှင့်တာဝန်ရှိသူများ၊ဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ နှစ်ပတ်လည်နေ့ဖြစ်သကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာန အသီးသီးတို့မှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခြင်းဖြစ်၍ ဝန်ကြီးဌာနအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ရည်မှန်းချက်မှာ စာပေလုပ်ငန်းနှင့် ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးဖြစ်သဖြင့် ပုံနှိပ်လုပ်ငန်းများဖြင့် နိုင်ငံတော်၏ဝင်ငွေ တိုးတက်စေရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာစာပေမြှင့်တင်ရေးကို ဆောင်ရွက်ရာ၌ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆုနှင့် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာ စာပေဆုများကို ရွေးချယ်ချီးမြှင့်ခြင်း၊ သုတေသနစာတမ်းဖတ်ပွဲများ၊ စာအုပ်ဈေးပွဲတော်များဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့ စသည့် နေ့ထူးနေ့မြတ်များနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ နှစ်ပတ်လည်အခမ်းအနားနှင့် အမျိုးသားညီလာခံ၊ အစိုးရရုံးအဖွဲ့အသီးသီးတို့၏ ပုံနှိပ်လုပ်ငန်းများကိုလည်းကောင်း တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် မန္တလေးမြို့၌ အထက်မြန်မာနိုင်ငံ ပုံနှိပ်စက်ရုံကို ဖွင့်လှစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်း၊ ၂၀၀၅ ခုနှစ်တွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနကို မိမိတို့ ဝန်ကြီးဌာနက လွှဲပြောင်းတာဝန်ယူခဲ့ရပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တိုက်ရိုက် ကွပ်ကဲဆောင်ရွက်နေရခြင်းတို့မှာ တိုးချဲ့ဆောင်ရွက်လာရသော လုပ်ငန်းများဖြစ်ကြောင်း၊ အထက်ဌာနများ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ဤလုပ်ငန်းမှ တာဝန်ရှိသူများကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ယခုအခမ်းအနားတွင် လုပ်ငန်းတာဝန်ထူးချွန်သည့် စက်ရုံများနှင့် ဝန်ထမ်းအသီးသီးကို ဂုဏ်ပြုဆုများချီးမြှင့်မှာဖြစ်သည့်အတွက် ဆုရရှိသူများကို ဂုဏ်ယူပါကြောင်း၊ ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ လာမည့်နှစ်များတွင်လည်း လုပ်ငန်းများကို လက်ရှိ အရှိန်အဟုန်အတိုင်း တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် အသုံးစရိတ် ခြိုးခြံချွေတာပြီး ဝင်ငွေကို ယမန်နှစ်ကထက် နှစ်ဆတိုးရအောင် ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်နှင့် ဝန်ကြီးဌာနနှင့် လုပ်ငန်း၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်အောင် ဝန်ထမ်းအားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် တိုက်တွန်း မှာကြားသွားသည်။

ပေးအပ်ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဝန်ကြီးရုံးမှ ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအတွက် ပညာသင်စရိတ်နှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဆုများချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်ရရှိသူ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့်သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအတွက် ပညာသင်စရိတ်နှင့် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းများအတွက် တူညီဝတ်စုံများကိုလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၌ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း လုပ်ငန်းများကို ကုန်ထုတ်စွမ်းအား မြင့်မားစွာ ထုတ်လုပ် စွမ်းဆောင်ပေးခဲ့သည့် အကောင်းဆုံး စံပြစက်ရုံဆုရ ပုံနှိပ်စက်ရုံများကိုလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်တို့က သင်တန်း ထူးချွန်ဆုရသူများနှင့် လုပ်ငန်းတာဝန်ထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ ခုနှစ် ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်စရိတ်၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၄) နှစ်မြောက် နှစ်ပတ်လည်ဂုဏ်ပြုဆုပေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်ရရှိသူ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

လောင်းလှူ

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းတိပိဋက ရေ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ လေ့လာရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၇

အိန္ဒိယသမ္မတနိုင်ငံ National Defence College Course မှ အဖွဲ့ဝင်၂၀ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားသည်။

အဆိုပါလေ့လာရေးအဖွဲ့အား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တိပိဋကရေ တိပိဋက ကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ဝိနယဓရဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်လေးပါးနှင့် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့တံဆိပ်တော်ရအရှင်သူမြတ်တစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ တရားသူကြီးချုပ်ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ဥဘတောဝိဘင်္ဂဓရဘွဲ့တံဆိပ်တော်ရအရှင်သူမြတ်ခြောက်ပါးစီတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များက အနုမောဒနာရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူ

အခမ်းအနားအပြီးတွင် တိပိဋကရေ၊ တိပိဋကကောဝိဒ စာအောင်သံဃာတော်အရှင်သူမြတ်များသည် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သံဃာစင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပြန်လည်ကြွမြန်းတော်မူကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

(သတင်းစဉ်)

ထူးခြားသောဘောလုံးသမားလေးဦး ကမ္ဘာ့ဖလားပွဲတွင် တွေ့မြင်ကြရမည်

မြင့်မောင်စိုး

ခရိုအေးရှား မေ ၂၇

လွန်ခဲ့သော ကိုးနှစ်က ဒါဒိုပါဆိုသည် ပြင်သစ်မြို့လေးတစ်မြို့၌ ကားစက်ပြင်သမားအဖြစ် အလုပ်လုပ်နေရင်း အပျော်တမ်းဘောလုံးအသင်းတစ်သင်းတွင် ပါဝင်ကစားခဲ့သည်။

လာမည့်လတွင် ၎င်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ခရိုအေးရှားအသင်း လက်ရွေးစင်ဘောလုံးသမားအဖြစ် ပါဝင်ကစားမည်ဖြစ်သည်။

၎င်းသည် ဥရောပ၏ အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်နေပြီ ဖြစ်သည်။ သူသည် စိန့်ရာဖေးလ်၌ ကစားနေစဉ် မိုနာကိုအသင်းမှ ခေါ်ယူခဲ့ပြီးနောက် အခက်အခဲများကြားမှ ဘဝအောင်မြင်လာခဲ့ကြောင်း ၎င်းကဝန်ခံပြောဆိုခဲ့သည်။

"ကမ္ဘာ့ဖလား ကစားဖို့ဆိုတာ ဘောလုံးသမားတိုင်းရဲ့ အိပ်မက်"ဟု ၎င်းက ပြောကြားလိုက်သည်။ "လွန်ခဲ့သော သုံးနှစ်က မက်ခဲ့သော ကမ္ဘာ့ဖလားအိပ်မက်ဟာ ကျွန်တော့်အတွက်တော့ မယုံနိုင်အောင်ဖြစ်နေရတယ်။ ယခု ကမ္ဘာ့ဖလားကို ကစားဖို့စိတ်အားထက်သန်စွာဖြင့် စောင့်ဆိုင်းနေတယ်" ဟု ၎င်းကပြောသည်။ ပါဆိုသည် ၃၂နှစ်အရွယ်ရှိပြီဖြစ်ပြီး ခရိုအေးရှားကမ်းခြေ ဇာဒါမြို့၌ မွေးဖွားခဲ့သူဖြစ်သည်။ သူသည် ကြေးစားဘောလုံးသမားဘဝကို ထူထောင်ရန် မျှော်လင့်ချက်ဖြင့် ပြင်သစ်နိုင်ငံသို့ ထွက်ခွာလာခဲ့သည်။ သို့ရာတွင် အချိန်ကြာမြင့်စွာ ၎င်း၏ ရည်ရွယ်ချက်ကို အကောင်အထည်မဖော်နိုင်ဘဲရှိသည်။ မကြာမီမှာပင် စိန့်ရာဖေးလ်၌ ကားစက်ပြင်သမားဘဝမှ ဘဝသစ်ကို စတင်နိုင်ခဲ့သည်။

စိန့်ရာဖေးလ်အတွက် ပုံမှန်အချိန်ပိုင်းထက် အနည်းငယ် ပို၍ အပတ်စဉ်ဘောလုံးပွဲများ ပါဝင်ကစားခဲ့သည်။ ၁၉၉၇ခုနှစ်က မိုနာကိုအသင်းနှင့် ကစားသည့်ပွဲတွင် ဒါဒိုပါဆိုသည် အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးခဲ့ရာမှ ဘဝမျှော်လင့်ချက်ရှင်သန်လာခဲ့သည်။ ထိုအချိန်မှ စပြီး ပြင်သစ်မှ နာမည်ကြီးအသင်း မိုနာကိုက ၎င်းအားစာချုပ်ဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် ထိုအချိန်က ဒေးဗစ်ထရက်ဇီဂေးနှင့် သီယာရီ အွန်နရီတို့ တိုက်စစ်မှူးနေရာတွင် ရှိနေကြသည်။ ၎င်းအား အဂျက်ဇီယိုအသင်းသို့ အငှားချထားခဲ့သည်။

ခရိုအေးရှားနည်းပြ အော်တိုဘာရစ်က ပါဆိုအား ၂၀၀၃ခုနှစ် မတ်လက ဥရောပဖလား ခြေစစ်ပွဲတွင် ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်သည့်ပွဲတွင် ထည့်ကစားခဲ့ရာ ခရိုအေးရှားအသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ၎င်းက နှစ်ဂိုးသွင်းပေးခဲ့သည်။ ဒေဗာဆူကာ အနားယူပြီးနောက် ၎င်းသည် ခရိုအေးရှားအသင်း၏ အသည်းစွဲတိုက်စစ်မှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

၎င်းသည် မိုနာကိုအသင်း ၂၀၀၄ ခုနှစ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်ရန်အတွက် စွမ်းဆောင်ခဲ့သူလည်းဖြစ်သည်။ ၎င်းသည် ဂလက်စကိုရိန်းဂျားအသင်းသို့ ပြောင်းရွှေ့ခဲ့ရာ ယမန်နှစ်က စကော့တလန် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

ဒါဒိုပါဆို။

ဂျို့စ်မွန်တေးလ်။

နီကိုခရမ်ကာ။

ဒန်းဆေးသီအိုဘဲလ်ဒ်။

မုန့်ရောင်းသူမွန်တေးလ်

ဂျို့စ်မွန်တေးလ်ကို ပါရာဂွေးအသင်းလူစာရင်းတွင် ရွေးချယ်ခဲ့သည့် မေ ၂၂ ရက်က နည်းပြ အနီဘယ်ကွစ်ဇ်က အလွန်အမင်းချီးမွမ်းပြောဆိုလိုက်သည်။

၎င်းသည် မိမိတို့ အသင်း၏ အနာဂတ်ဖြစ်ကြောင်း၊ လူငယ်ဘောလုံးသမား မျိုးဆက်သစ်လည်းဖြစ်ကြောင်း နည်းပြက ပြောကြားခဲ့သည်။

အသက် ၁၈ နှစ်အရွယ်ရှိ မွန်တေးလ်သည် သူ၏ မိသားစုအတွက် အပိုဝင်ငွေရရှိရန် လမ်းတကာ လှည့်လည်၍ ပေါင်မုန့်ရောင်းချခဲ့ရသည်။

၎င်းသည် ၎င်း၏ ဇာတိမြို့ အိုလံပီယာကလပ်တွင် ဝင်ကစားခဲ့ရာမှ ဘောလုံးလောကား၏ ပထမဆုံးခြေလှမ်းဖြစ်လာခဲ့သည်။ အဆိုပါအသင်းမှာ ပါရာဂွေးအသင်း၏ သက်တမ်းအရင့်ဆုံးအသင်းဖြစ်ပြီး ၎င်း၏ အရည်အချင်းကြောင့် အမြန်စာချုပ်၍ ခေါ်ယူခဲ့သည်။

၎င်းအား ၂၀၀၄ ခုနှစ်က တောင်အမေရိကယူ–၁၅ ပြိုင်ပွဲအတွက်လည်း ပါရာဂွေးအသင်းက ရွေးချယ်လိုက်သည်။

၎င်းသည် ယမန်နှစ်က ကမ္ဘာ့ဖလား ယူ–၁၇တွင် ပီရူး၌ကျင်းပစဉ်ပါဝင်ကစားခဲ့သည်။ ကွင်းလယ်ကစားသမားဂျို့စ်မွန်တေးလ်အား အီတလီကလပ်အူဒီးနိစ်က စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ ဇန်နဝါရီလက ဗင်နီဇွဲလားအသင်းနှင့် ချစ်ကြည်ရေးကစားရာတွင် သုံးဂိုးသွင်းပေးခဲ့သည်။

တစ်ချိန်က လမ်းများပေါ်တွင် မုန့်ရောင်းခဲ့သည့် ဂျို့စ်မွန်တေးလ်သည် ပါရာဂွေးအသင်း၏ ကွင်းလယ်ဖန်တီးရှင် ဖြစ်နေပြီဖြစ်ရာ ၂၀၀၆ ကမ္ဘာ့ဖလားတွင် ၎င်း၏ ခြေစွမ်းကို ဘောလုံးပရိသတ်များ တွေ့မြင်ရတော့မည်ဖြစ်သည်။

အဖေနည်းပြ သားလက်ရွေးစင်

ခရိုအေးရှားနည်းပြ ဇလတ်ကိုခရမ်ကာသည် သူ၏သားကို ကမ္ဘာ့ဖလားကစားမည့် ခရိုအေးရှား အသင်းအတွက် ရွေးချယ်ခဲ့၍ ဆွေမျိုးကောင်းစားရေးဝါဒကို လက်ကိုင်ထားသူဟု အစွပ်စွဲခံနေရသည်။

အသက် ၂၂နှစ် အရွယ်ရှိ သားဖြစ်သူ နီကိုခရမ်ကာသည် ခရိုအေးရှားအသင်း၏ ကြယ်ပွင့်အဖြစ် ထင်ရှားလာခဲ့သည်။ ၎င်းသည် ခရိုအေးရှားအသင်း၏ ဒေးဗစ်ဘက်ခမ်းဟူ၍ မီဒီယာများက အမွှမ်းတင်ခဲ့ကြသည်။

၎င်းသည် လူးဝစ်ဖီဂိုကဲ့သို့တောင်ပံကစားသမားလည်း ဖြစ်ကြောင်း ပြောဆိုနေကြသည်။ ဖီဂို ၂၀၀၀ ပြည့်နှစ်က ဘာစီလိုနာမှ ရီးရဲမက်ဒရစ်သို့ ပြောင်းချိန် ၎င်းသည် အီတလီအင်တာမီလန်အသင်းတွင် ကစားနေသည်။

ခရမ်ကာ၏ ဖခင်သည် ခရိုအေးရှားအသင်း၏ နည်းပြမဖြစ်ခဲ့လျှင် အရည်အချင်း ပြည့်ဝသော အဆိုပါကစားသမားအကြောင်းမေးရန် မရှိဟုဆိုသည်။

၎င်းသည် ၂၀၀၁ ခုနှစ်က ဒီနာမိုအသင်းတွင် ၎င်း၏ဘောလုံးသမားဘဝကို စတင်ခဲ့သည်။ တစ်နှစ်အကြာတွင် အဆိုပါအသင်း၏ အသင်းခေါင်းဆောင် ဖြစ်လာသည်။

စရိုက်ကြမ်းသော ပတ်ဝန်းကျင်တွင်ကျင်လည်ခဲ့သူ

ဒန်းဆေးလ်သီအိုဘဲလ်ဒ်သည် လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှုနှင့် လူသတ်မှုများ မကြာခဏ ဖြစ်ပွားနေသော စပိန်ဆိပ်ကမ်း နယ်ဆွန်လမ်းပေါ်တွင် ကြီးပြင်းခဲ့သူဖြစ်သည်။

အသက်၁၃နှစ်အရွယ်တွင် ၎င်းသည် ထရီနီဒက်နှင့် တိုဘာဂိုမြို့တော်၏ လမ်းတစ်လမ်းပေါ်တွင် လူတစ်ယောက်အား သေနတ်သမားတစ်ဦးက ပစ်သတ်လိုက်သည်ကို ကိုယ်တိုင်မျက်မြင် တွေ့ရှိခဲ့သူ ဖြစ်သည်။

သီအိုဘဲလ်ဒ်သည် စကော့တလန် ပရီမီယာလိဂ်အသင်း ဖြစ်သော ဖောက်ခ်အသင်း၌ ကွင်းလယ်ကစားသမားအဖြစ် ပါဝင်ကစားလျက်ရှိသည်။ သို့ရာတွင် ကလေးဘဝက ဆင်းရဲနွမ်းပါးသည့် အခြေအနေမှသည် မကြာမီ ကျင်းပတော့မည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ထရီနီဒက်နှင့် တိုဘာဂိုအသင်း၌ ပါဝင်ကစားမည်ဖြစ်သည်။ ။

(ကိုးကား–စထရိတ်တိုင်းမ်)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစွမ်းပြမည့် ဘောလုံးသမားများ

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၂၇

မကြာမီကျင်းပတော့မည့် ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ နိုင်ငံကိုယ်စားပြုအသင်းများမှ ကမ္ဘာကျော်ဘောလုံးသမားများ၏ ခြေစွမ်းပြနိုင်မည့်အခြေအနေကို ကမ္ဘာ့ဘောလုံးပရိသတ်ကြီး စိတ်ဝင်စားလျက်ရှိရာ ကမ္ဘာ့ဖလားပြိုင်ပွဲ ဘောလုံးအသင်းများမှ ခြေစွမ်းပြမည့်ဘောလုံးသမားများကို ဖော်ပြလိုက်ပါသည်။

ပေဗယ်နက်ဗက်

ဒဏ်ရာများနှင့် လုံးထွေးနေသော ချက်အသင်း တိုက်စစ်မှူးနက်ဗက်၏ အနေအထားမှာ အကောင်းဆုံးဖြစ်နေပြီဖြစ်သည်။ ၁၉၇၃ခုနှစ်က မွေးဖွားခဲ့သည့် နက်ဗက်သည် ယခုအခါ အသက်၃၃နှစ်ရှိပြီဖြစ်သည်။ ကွင်းလယ်တိုက်စစ်ကို အားသန်သူဖြစ်ပြီး ရှေ့နောက်လိုက်ပါ ကစားနိုင်သူဖြစ်သည်။ အဝင်အထွက် ရဲရဲဖြင့် ကစားတတ်သည့်အတွက် ဒဏ်ရာပြင်းပြင်းထန်ထန်ရမှု မကြာခဏကြုံတွေ့နေရသည့် သူလည်းဖြစ်သည်။

၁၉၉၆ခုနှစ်တွင် ဂျူဗင်းတပ်စ်အသင်းသို့ ပြောင်းရွှေ့ ကစားပြီး လာဇီယိုအသင်း၌လည်း ကစားခဲ့ကာ ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။ နက်ဗက်၏ ခြေစွမ်းထက်မှုကြောင့် ၂၀၀၃ ခုနှစ်တွင် ဥရောပ အကောင်းဆုံးဘောလုံးသမားဆု ရရှိခဲ့သည်။

ထူးခြားသောကစားဟန်၊ ဖြတ်တင်ဘောတိကျမှုနှင့် တိုက်စစ်ကိုပံ့ပိုးပေးနိုင်သည့်အပြင် ကိုယ်တိုင်လည်း ဂိုးသွင်းခြေ ထက်မြက်သူတစ်ဦးဖြစ်သည်။ နက်ဗက်ကြောင့် ချက်အသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။ အသက်၃၃နှစ် အရွယ်ရှိ နက်ဗက်အနေဖြင့်ချက်အသင်းအတွက် မည်သို့ကစားပေးသွားမည်ကို တွေ့မြင်ရတော့မည် ဖြစ်သည်။

ချက်အသင်းမှ အားထားရသော တိုက်စစ်မှူး နက်ဗက်။
(ဓာတ်ပုံ-အင်တာနက်)

မိုက်ကယ်အက်ဆိန်း

လီယွန်အသင်းတွင် ကစားခဲ့ရာမှ ကမ္ဘာကျော်ဘောလုံးသမားဖြစ်လာပြီး ယခုအခါ ချယ်လ်ဆီးအသင်း၌ ကစားနေသူဖြစ်သည်။ ဂါနာအသင်းနှင့်အတူ အသက် ၁၇နှစ်အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားခဲ့သည့်အချိန်ကတည်းကပင် ကမ္ဘာ့ထိပ်သီးဘောလုံးကလပ်အသင်းများက စိတ်ဝင်တစား ကမ်းလှမ်းခြင်းခံခဲ့ရသူဖြစ်သည်။

ကွင်းလယ်၌ အင်နှင့်အား ကစားတတ်သူဖြစ်ပြီး လျင်မြန်သောဘောလုံးသယ်ယူမှု၊ ပေးပို့မှု၊ ဖြတ်တောက်မှုများ၌ သူမတူအောင် ကျွမ်းကျင်သူဖြစ်သည်။ တစ်ဖက်အသင်း တိုက်စစ်ကို ကွင်းလယ်၌ ဖြတ်တောက်ဟန့်တားရာတွင် အထူးပါးနပ်သူဖြစ်ရာ ပြိုင်ဘက်အသင်းများ အဓိက အလေးထားရမည့် ကစားသမားပင်ဖြစ်သည်။ အာဖရိက၏ အကောင်းဆုံး ဘောလုံးသမား တစ်ဦးအဖြစ် သတ်မှတ်ခံရသူဖြစ်ပြီး ပြင်သစ်နိုင်ငံ လီယွန်အသင်း၌ ကစားခဲ့စဉ်က ပြင်သစ်နိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို ရရှိခဲ့သူဖြစ်သည်။



မိုက်ကယ်အက်ဆိန်း

ဂါနာအသင်းမှ အားထားရသော မိုက် ကယ် အက်ဆိန်း။
(ဓာတ်ပုံ-အင်တာနက်)

ပရိသတ်အကြိုက်

မိုက်ကယ်အက်ဆိန်း၏ အားသာချက်မှာ ကြံ့ခိုင်မှုကောင်းပြီး ဘောလုံးအထိန်းအသိမ်းကျွမ်းကျင်ကာ အသင်းနှင့် လိုက်လျောညီထွေ ကစားတတ်မှုပင်ဖြစ်သည်။ မိုက်ကယ်အက်ဆိန်း၏ကွင်းလယ်မှ ကစားဟန်များသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပရိသတ်အကြိုက် မြင်တွေ့ရမည် ဖြစ်သည်။

ဒီဒီယာဒရော့ဘာ

အိုင်ဗရီကို့စ် ဘောလုံးအသင်းကို ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ရန် အဓိက စွမ်းဆောင်ခဲ့သူ ဖြစ်သည်။ ပြင်သစ်ကလပ် မာဆေးအသင်းတွင် ခြေစွမ်းပြကစားခဲ့မှုကြောင့် ပြင်သစ်လိဂ်၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့သည်။ အာဖရိက အကောင်းဆုံး ဘောလုံးသမားဆုကို ကင်မရွန်း တိုက်စစ်မှူး အီတူးနှင့်အပြိုင် အမည်ပေါက်ခဲ့သော်လည်း ၎င်းဆုနှင့် လွဲချော်ခဲ့ရသည်။

ဒီဒီယာဒရော့ဘာသည် အရပ်အမောင်း မြင့်မားကြံ့ခိုင်ပြီး လျင်မြန်စွာ ဂိုးသွင်းတတ်သူဖြစ်သည်။ တစ်ဖက်အသင်း နောက်တန်းကို တွန်းတွန်းတိုက်တိုက် ထိုးဖောက်ပြီး လျှပ်တစ်ပြက်အတွင်း ဂိုးသွင်းနိုင်သူဖြစ်ရာ ပြိုင်ပွဲရလဒ်ကို အချိန်မရွေး ပြောင်းလဲပစ်နိုင်သူဖြစ်သည်။ အိုင်ဗရီကို့စ်အသင်းအတွက် ခြေစစ်ပွဲတစ်လျှောက် တစ်ဦးတည်း ကိုးဂိုးသွင်းပေးခဲ့သူဖြစ်ပြီး လက်ရှိ ချယ်လ်ဆီးအသင်း ၌လည်း အမာခံတိုက်စစ်မှူး ဂိုးသွင်းသူရဲကောင်း တစ်ဦးပင် ဖြစ်သည်။

အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာ၏ အံ့သြဂိုးသွင်းစွမ်းရည်များကို ယခုကမ္ဘာ့ဖလားပွဲ၌ မြင်တွေ့ရမည်ဖြစ်ရာ နိုင်ငံ့အသင်းအတွက် ပြောင်မြောက်သော ဂိုးသွင်းမှုများကို စောင့်ကြည့်ရမည် ဖြစ်သည်။

ဒရော့ဘာ

အိုင်ဗရီကို့စ် အသင်းမှ အားထားရမည့် တိုက်စစ်မှူး ဒရော့ဘာ။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ကက်ဗ်မန်း

ဆားဘီးယားနှင့် မွန်တီနီဂရိုး အသင်းမှ တိုက်စစ်မှူးဖြစ်ပြီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ကြောက်စရာအကောင်းဆုံး တိုက်စစ်မှူးများ၌ တစ်ဦးပါဝင်သူဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဆားဘီးယားနှင့် မွန်တီနီဂရိုး အသင်းကို အိမ်ဖြည့်ဟုသတ်မှတ်ထားမှုကို ချေဖျက်ချင်နေသူဖြစ်သည်။

ကက်ဗ်မန်း

ဆားဘီးယား အသင်းမှ တိုက်စစ်မှူး ကက်ဗ်မန်း။
(ဓာတ်ပုံ-အင်တာနက်)

ဆားဘီးယားအသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရန် နောက်ဆုံးအဆုံးအဖြတ်ပွဲစဉ်၌ ဘော့စနီးယားအသင်းဘက်သို့ တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းပေးခဲ့သူဖြစ်သည်။ ခြေစစ်ပွဲတစ်လျှောက် တစ်ဦးတည်း ငါးဂိုးသွင်းပေးနိုင်ခဲ့ပြီး ဆားဘီးယားအသင်းကို ဂျာမနီမြေ ခြေချနိုင်အောင် ကြိုးစားပေးခဲ့သူဖြစ်သည်။

ကက်ဗ်မန်း၏ အားသာချက်မှာ ရှေ့တန်း၌ နေရာမျိုးစုံတွင် ကစားနိုင်ပြီး ဘယ်ညာနှစ်ဖက်စလုံးဖြင့် ဂိုးသွင်းနိုင်သူဖြစ်သည်။ လျင်မြန်ပြီး အခွင့်အရေးရသည်နှင့် သေချာပေါက်ဂိုးရအောင် သွင်းနိုင်သည့် တိုက်စစ်မှူးဖြစ်ရာ ကက်ဗ်မန်းသည် ပြိုင်ဘက်အသင်း နောက်ခံလူများအတွက် ထိန်းရခက်သော တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အသင်းတိုင်း၏ နည်းပြများက ဂရုတစိုက်စောင့်ကြည့် သတိထားရန် သတ်မှတ်ထားသော တိုက်စစ်မှူးများတွင် ပါဝင်သည့်သူလည်းဖြစ်သည်။ ကက်ဗ်မန်း၏ ဂိုးသွင်းစွမ်းရည်များကို ကမ္ဘာ့ဘောလုံး ပရိသတ်ကြီး မြင်တွေ့ရမည် ဖြစ်သည်။

ဘိုဂတ်တီ

ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးဖြစ်ပြီး မက္ကဆီကိုအသင်း၏ အားထားရသော ဘောလုံးသမားတစ်ဦး ဖြစ်သည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ မက္ကဆီကိုအသင်းတွင် ပါဝင်ကစားခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ခြေစစ်ပွဲ ကာလတစ်လျှောက် မက္ကဆီကို အသင်းအတွက် ပွဲတိုင်း ဂိုးသွင်းနိုင်ခဲ့သော ထူးထူးခြားခြား တိုက်စစ်မှူးဖြစ်သည်။ ဘောလုံးကစားရာတွင် အဆုံးသတ်အကောင်းမွန်ဆုံး တိုက်စစ်မှူးမှာ ဘိုဂတ်တီပင် ဖြစ်သည်။ မက္ကဆီကိုအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်ခဲ့သည်မှာ ဘိုဂတ်တီ၏ ခြေစွမ်းများကြောင့်ဖြစ်ကြောင်း နည်းပြ ရီကာဒိုလာဗော်ပီက ပြောကြားခဲ့သည်အထိ အစွမ်းထက်သူဖြစ်သည်။

ဟန်ချက်ညီညီ

ဘိုဂတ်တီသည် လိုအပ်လျှင် ကွင်းလယ်အထိ၊ နောက်တန်းအထိ ဆင်းကူပေးတတ်သူဖြစ်ရာ အထက်အောက်ဟန်ချက်ညီညီ လိုက်ပါကစားနိုင်သူလည်း ဖြစ်သည်။

လက်ရှိတွင် ပရီမီယာလိဂ် ဘော်လ်တန်အသင်း၌ ကစားနေပြီး ဘော်လ်တန်အသင်းအတွက် အဖိုးတန် ဂိုးများကို သွင်းပေးနိုင်သူဖြစ်သည်။ ယခုကမ္ဘာ့ဖလားတွင် မက္ကဆီကိုအသင်း အောင်မြင်ရရှိရန် မည်သို့ ကြိုးပမ်းစွမ်းဆောင် ပေးမည်ကို ကြည့်ရှုရတော့မည်ဖြစ်ပေသည်။ ။

(အင်တာနက်)

မက္ကဆီကိုအသင်းမှ အားထားရမည့် တိုက်စစ်မှူး ဘိုဂတ်တီ။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၅-၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၁၀ ၇။ လယ်ယာစီးပွား မြင့်မားစေရန် ပဒဲရေလှောင်တမံ
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “ Doraemon ”
၁၁း၅၅ ၅။ ဘက်စုံတိုးတက် ဒို့ကျေးလက် (မိုင်းသောက်စံပြကျေးရွာ)
၁၂း၁၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **“မုန်တိုင်းထန်မြစ်”** မင်းမော်ကွန်း၊ စိုးမြတ်နန္ဒာ၊ မေသဥ္ဇာဦး (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၃း၅၀ ၇။ အကပြိုင်ပွဲ
၁၄း၀၅ ၈။ ဖြူးချောင်းတံတား
၁၄း၁၅ ၉။ **“အားဆေး”** မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၄း၂၀ ၁၀။ အရေးပြိုင်ပွဲ
၁၄း၃၀ ၁၁။ မြို့လှတပ်ကုန်း ရေလှောင်တမံ
၁၄း၄၅ ၁၂။ International News
၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ)(ဓာတုဗေဒ)
၁၇း၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇း၂၀ ၇။ အတီးပြိုင်ပွဲ
၁၇း၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ Discovery
၁၈း၄၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၈း၅၅ ၁၃။ တေးဂီတအစီအစဉ်
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ကံကောင်းခြင်းအိပ်မက်”** (အပိုင်း-၁၈)(ဇာတ်သိမ်းပိုင်း)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်” (အပိုင်း-၄၈)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ထိမ်းမြားမင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း–ဒေါ်ခင်မိမိ(အထပြ၊ ငြိမ်း)တို့၏သားကြီး

ဒေါက်တာအာကာဇော် M.B.,B.S (Ygn)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း၉၀၊ အမှတ် ၃၀ နေ
ဒေါက်တာဦးထွန်းငွေ–ဒေါက်တာဒေါ်ခင်သန်းနွဲ့(ကလေးအထူးကုဆရာဝန်)တို့၏သမီးကြီး

ဒေါက်တာခင်ချိုခိုင် M.B.,B.S (Ygn)

တို့၏ ၂၇–၅–၂၀၀၆ရက်တွင် Traders Hotel °°(Myanmar Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ၂၉–၄–၂၀၀၆ရက်တွင် မြရိပ်ညိုရွှေရင်ရယ်ဟိုတယ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ပါမောက္ခဆရာဝန်ကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးသော ဦးခင်မောင်အေး(ဥက္ကဋ္ဌ၊ CB Bank)နှင့်ဇနီး ဒေါ်ဝတ်ရည်အေးအား လည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်သရုပ်ဆောင် ပပဝင်းခင်နှင့် မဖြူဖြူကို၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော ဒေါက်တာဖြိုးဝေဝေအိ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမိုမိုကို၊ သတို့သားအရံ ဒေါက်တာသောင်းမြတ်အောင်နှင့် ကိုသန့်ဇင်ဦး၊ သတို့သမီးအရံ ဒေါက်တာမြသန္တာနှင့် ဒေါက်တာယမင်းထွေး၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော မဇွန်ူ(Zu Zu Collection)နှင့် (IVY)၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Evening Star တေးဂီတနှင့်တေးသံရှင်များ၊ ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ Traders Hotel °မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာအာကာဇော်–ဒေါက်တာခင်ချိုခိုင်။

နေ့ခင်းကြောင်းလမ်းပြီးစီးခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ဗဟိုလမ်း၊ အမှတ် ၁၆နေ
ဦးအေးဘော်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ လဝက)၊ မန်နေဂျာ(မော်လမြိုင်ရုံး)
MDG Co., Ltd.–ဒေါ်ချို၀ါတို့၏ သားငယ်

ဗိုလ်ကြီးလွင်မောင်မောင် B.Sc (Maths)

နှင့်

ရေတာရှည်မြို့၊ (၅)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၉၃နေ
ဦးမြင့်ဆွေ–ဒေါ်ကြည်ညွန့်တို့၏ သမီးကြီး

ဒေါက်တာသီတာဆွေ D.C.Sc, Ph.D (Maths)

(နည်းပြ၊ သင်္ချာဌာန၊ တောင်ငူတက္ကသိုလ်)

တို့သည် ၂၇–၅–၂၀၀၆ရက်(စနေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် နေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးလွင်မောင်မောင်–ဒေါက်တာသီတာဆွေ။

အိမ်ခန်းအမြန်ငှားရန်ရှိသည်

ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ မြေညီထပ်၌ ၁၇ပေ၊ ပေ ၅၀ အကျယ် အခန်းအား ညှိနှိုင်းဈေးဖြင့် ငှားရမ်းလိုပါသည်။ **ဆက်သွယ်ရန်ဖုန်း–**
(ရုံးချိန်အတွင်း)–၀၉–၉၉–၂၄၇၁၇၊ ၆၆၀၀၂၈။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရောင်းချဖြန့်ဖြူးပေးနေသော ကုမ္ပဏီမှ သွက်လက်ဖျတ်လတ်သော အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) Sales Supervisor **အမျိုးသား/ အမျိုးသမီး (၂) ဦး**
– ဘွဲ့ရ (အသက် ၂၅ မှ ၃၅ နှစ်)
– စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းအတွေ့အကြုံ တစ်နှစ်ရှိရမည်။
– မိမိအသင်းအဖွဲ့ကိုအုပ်ချုပ်နိုင်ပြီး လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။

(၂) Sales Promoter **အမျိုးသား/ အမျိုးသမီး (၃) ဦး**
– ဘွဲ့ရ (အသက် ၂၀ မှ ၂၅ နှစ်)
– စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။
– တက်ကြွဖျတ်လတ်သူ ဖြစ်ရမည်။

(၃) Driver **အမျိုးသား (၂) ဦး**
– (အသက် ၃၀ မှ ၄၀ နှစ်)
– လုပ်ငန်းအတွေ့အကြုံအနည်းဆုံးသုံးနှစ်ရှိရမည်။ ၂တန်ယာဉ်မောင်းနှင်နိုင်ရမည်။

အမှတ်စဉ်အားလုံးအတွက် လိုအပ်ပါက နယ်ခရီးသွားနိုင်သူဖြစ်ရမည်။ စိတ်ပါဝင်စားသူများသည် ပညာအရည်အချင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမိတ္တူနှင့် တကွ ကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်းလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

အမှတ်(၅၈)၊အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

အင်ဒိုနီးရှား၌ ရစ်ချ်တာစကေး ၆ဒသမ ၂ရှိငလျင်လှုပ် သေဆုံးသူပေါင်း ၃၀၀၀ကျော်ရှိ

ဂျကာတာ မေ ၂၇

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း အလယ်ပိုင်းဒေသများနှင့် ယိုဂျာကာတာပြည်နယ်တို့တွင် မေ၂၇ရက် နံနက်ပိုင်းက အင်အားရစ်ချ်တာစကေး ၆ဒသမ၂ရှိ မြေငလျင်တစ်ခု လှုပ်သွားခဲ့ရာ သေဆုံးသူ ၃၀၀၀ကျော်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ယိုဂျာကာတာ ရဲတပ်ဖွဲ့ကထုတ်ပြန်သော စာရင်းများအရ ယိုဂျာကာတာပြည်နယ်တောင်ပိုင်း ဘန်တူမြို့တွင် လူ၁၂၄၀၊ ဗိုလ်ကာဘတ်စ်ဒေသတွင် လူ ၁၀၁ဦး၊ ဗိုလ်ရက်စ်စလီမင်တွင် လူ၅၅ဦး၊ ဗိုလ်ရက်စ် ရူနမ်ကိုင်ဒူတွင် ၂၁ဦးနှင့် သေဆုံးမှုများ ဆက်လက်ရှိနေသေးကြောင်း ဖော်ပြသည်။

အဆိုပါမြေငလျင်သည် မြို့တော်ဂျကာတာ၏ အရှေ့တောင်ဘက် ကီလိုမီတာ၄၄၀ အကွာရှိ ရှေးဟောင်းမြို့တော် ယိုဂျာကာတာနှင့် ဂျာဗားကျွန်း အလယ်ပိုင်း၌ အင်အားပြင်းထန်စွာ လှုပ်သွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ



Misss ခေါင်းလျှော်ရည်၏ မဟာကံထူးရှင်ရွေးချယ်ပွဲ

ရန်ကုန် မေ ၂၇

ဆုဇူကီးကားနှင့် GSM ဖုန်းအပြင် အခြားဆုမဲပေါင်းများစွာပါဝင်သော Misss ခေါင်းလျှော်ရည်၏ မဟာကံထူးရှင်ရွေးချယ်ပွဲကို ယမန်နေ့တွင် ရန်ကုန်မြို့ရှိ Traders Hotal ၌ကျင်းပရာ**(အောက်ယာပုံ)** အခမ်းအနားတွင် ချောစုခင်၊ သဇင်နှင့် ခေတ်ပေါ် အကအဖွဲ့များက ဖျော်ဖြေကြသည်။ ဆုမဲများကို မဂ္ဂဇင်းများမှ တာဝန်ရှိသူများက ရွေးချယ်ပေးသည့်အပြင် GSM ဖုန်းနှစ်လုံး၏ ကံထူးရှင်များကို သဇင်နှင့် ချစ်သုဝေတို့က ရွေးချယ်ပေးကြရာ မမေသူဟိန်း ၅/ကနန(နိုင်)၀၃၄၁၃၄၊ ဦးညွန့်ဝေ (တရားရုံးချုပ်ရှေ့နေ) စိုက်ပျိုးရေးလမ်း ဒေါနခြံရပ်ကွက် မုံရွာမြို့ စစ်ကိုင်းတိုင်းနှင့်မမိုးမိုးလွင် ၉/မနမ (နိုင်)၀၉၇၈၅၉ (၁၉x၂၀)လမ်းကြား ၈၉လမ်း မိုးမိုးလွင် ဆံပင်မိတ်ကပ်တို့က ရရှိသွားကြသည်။

မဟာအထူးဆုဖြစ်သောဆုဇူကီး ပစ်ကပ်ကားအသစ် တစ်စီး၏ ကံထူးရှင်ကို ကုန်သည်ကြီးများနှင့် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်တို့က ရွေးချယ်ပေးကြရာ မသန်းသန်းဆင့် ၉/မရမ(နိုင်) ၀၃၃၁၉၈ အမှတ် ၄၄ (မ/၃) ပိတောက်လမ်း ၅၇ x၅၈လမ်းကြား ကန်သာယာမြို့သစ် မန္တလေးမြို့က ရရှိသွားပြီး ပျော်ရွှင်စရာ အခမ်းအနားတစ်ခုဖြစ်ကာ ညည့်သည်များအား ညစာဖြင့် ညည့်ခံသည်။

Misss ခေါင်းလျှော်ရည်၏ ကံထူးရှင်များအားလုံးအား နေ့စဉ်ထုတ် သတင်းစာနှင့် အပတ်စဉ်ထုတ်ဂျာနယ်များ၌ ထည့်သွင်းကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် ယဉ်ကျေးမှုစာမေးပွဲကို မေ၂၅ ရက်က အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)တွင်ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရ(မြသိန်းတန်)နှင့် စာမေးပွဲကြီးကြပ်ရေး ဆရာတော်များ ကြည့်ရှုအားပေးစဉ်။ (၃၅၂)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁)ထွက်မည်



ရန်ကုန် မေ ၂၇

ကျေးလက်ဒေသနေ ပြည်သူများ ခေတ်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ရရှိနိုင်ရန် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ် (၁၁)ကို ၂၀၀၆ ခုနှစ် ဇွန် ၁ရက်တွင် ထုတ်ဝေမည်ဖြစ်သည်။**(ဝဲပုံ)**

ထိုဂျာနယ်တွင် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး၊ စီးပွားဖြစ်နာနတ် စိုက်ပျိုးရေး၊ သီးနှံလေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရန်၊ စပါးခင်းတွင် ငါးမွေးခြင်း အကျိုးကျေးဇူး၊ လွယ်ကူသက်သာ ငါးမွေးပါ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် ကျေးလက်ဒေသ မွေးမြူရေး၊ လူတိုင်းအတွက် ပြည့်စုံသော ကျန်းမာရေး၊ လဲနေသူထူပေးပါ၊ အားငယ်သူအားပေးပါ စသော ဝတ္ထု၊ ပုံပြင်၊ ဆောင်းပါး၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍ ဖွယ်ဖွယ်ရာရာ ဖော်ပြပါရှိသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများတွင် ဝယ်ယူနိုင်သည်။

ဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၂၂၊ ၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကံ့ကော်ကျွန်းတောရရိပ်သာကျောင်း ထာဝရငွေပဒေသာပင်လှူဒါန်း

ရန်ကုန် မေ ၂၇

လှည်းကူးမြို့ ကံ့ကော်ကျွန်းတောရရိပ်သာကျောင်းတိုက် မဟာသတ္တဌာနဘုရားများနှင့် ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်ကြီးတည်ရှိရာ ဓမ္မရက္ခိတကုန်းမြေတွင် တရားစခန်းဝင်သူယောဂီများအတွက် ဦးအုံ့ကူး စိန်မိသားစုပလတ်စတစ်လုပ်ငန်းရှင် အမှတ်၁၃ မြို့ပတ်လမ်း တာမွေမြို့နယ်က ငွေကျပ်ငါးသိန်းကို မေ၂၅ ရက်က ပဓာနနာယကဆရာတော်ထံ ထာဝရငွေပဒေသာပင်စိုက်ထူ လှူဒါန်းသည်။ လှူဒါန်းလိုသော အလှူရှင်များသည် ဦးလှသိန်းကျော် ဖုန်း–၀၉–၅၁၃၇၁၇၆၊ ဦးအုံ့ကူး ဖုန်း–၀၉–၅၀၀၁၀၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ညှိနှိုင်းဆွေးနွေး

တာချီလိတ် မေ ၂၃

တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၇ ရက် နံနက် ၉နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် အမှတ်(၆/၅၂)ရှိ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်က အမှာစကားပြောကြားပြီး**(အောက်ပုံ)** မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်(မောင်မြန်မာ)က နှစ်ပတ်လည်အမှာစကားပြောကြားသည်။

အကြံပြု

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်ချက်များကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ အတွင်းရေးမှူး ဦးအောင်ဖြိုးရှိန်(မောင်ယဉ်ကျေး)က ဖတ်ကြားတင်ပြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးဝင်းနိုင်က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် ဖြည့်စွက် ဆွေးနွေးအကြံပြုသည်။

လှူဒါန်း

ထို့နောက် တာချီလိတ်မြို့ဝမ်ကောင်းရပ်နေ လောကနတ်စာပေမိသားစုက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရည်ညွှန်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အဖွဲ့ဝင် ဦးမောင်ကြည် (မောင်ဆွေငြိမ်း) က လက်ခံရယူသည်။

တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ဒေသအတွင်းရှိ အများပြည်သူများဗဟုသုတတိုးပွားစေရေးအတွက် ရည်ညွှန်းစာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပါဝင်လှူဒါန်းလိုကြသော အလှူရှင်များသည် ဒေါက်တာမြင့်အောင် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၂၄၀၃၆၄၊၀၈၄-၅၁၂၇၈နှင့် ဦးအောင်ဖြိုးရှိန် (အတွင်းရေးမှူး) ဖုန်း-၀၉-၅၂၄၀၂၁၀ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၄၂၀)**

ပညာပေးဟောပြော

ကျောက်ဖြူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ရမ္မာဝတီခန်းမ၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်က အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ငှက်ဖျားရောဂါကာကွယ်ကုသရေး သင်တန်းဖွင့် ဖြစ်ပွားမှုနှုန်းနှင့် ဆေးရုံတက်ရောက်ကုသမှုရှင်းလင်း

ဗန်းမော် မေ ၂၀

ငှက်ဖျားရောဂါကာကွယ်ကုသရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ဒေါက်တာ သောင်းအေးက မြို့နယ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းနှင့် ရောဂါဖြစ်ပွားပြီး ဆေးရုံတက်ရောက်ကုသမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်ဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ ငှက်ဖျားရောဂါတိုက်ဖျက် နှိမ်နင်းရေးအတွက် ချမှတ်ထားသည့် နည်းလမ်းများအကြောင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တမူးမြို့ဝင်မုခ်ဦး ဆိုင်းဘုတ်ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

တမူး မေ ၁၂

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ နယ်စပ်တံကြီးဝတံတား၌ တမူးမြို့မှလိုက်လှဲစွာကြိုဆိုပါ၏ မြို့အဝင်မုခ်ဦးဆိုင်းဘုတ်ဆောက်လုပ်ပြီးစီးမှုအခြေအနေကို မေ ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမြင့်အောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချောင်းကူးတံတားပြုပြင်

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ-(၂) ဦးခင်မောင်တင့်တို့ မေ ၁ ရက်က ထားဝယ်မြို့နယ် ပကာရီကျေးရွာ ချောင်းကူးတံတား ပေ ၃၀၀ကို ပြုပြင်ပြီးစီး၍ ရေလမ်းကြောင်းများပြောင်းလဲမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

တံတားဦးကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်းဖွင့်

မြို့နယ် သတင်းများ

တံတားဦး မေ ၂၃

တံတားဦးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်းအမှတ်စဉ် (၉/၂၀၀၆) နှင့်အခမ်းအနားမှူး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက် ၉နာရီက မေဃဝန်အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်ဦးမောင်မောင်ဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးအေးမင်းထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မျိုးဆက်အားမာန် စာကြည့်တိုက်ဖွင့်

ဝက်လက် မေ ၈

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ယင်းတောကျေးရွာအုပ်စု ရွှေတောင်ကျေးရွာတွင် မျိုးဆက်အားမာန် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ဆရာတော် ဦးစန္ဒာဝရနှင့် မြို့နယ်ရဲတပ်ဖွဲ့ဒုတိယရဲမှူး သန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးသန်းဇော်က စာကြည့်တိုက်အတွက် အလှူငွေကျပ် ၃၀၀၀၊ ကျေးရွာသူကျေးရွာသားများက စုပေါင်း၍ အလှူငွေကျပ် ၆၀၀၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ အုပ် ၂၀ တို့ကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ဦးစန္ဒာဝရက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်းပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (ကျေးလက်) လမ်းလုပ်ငန်းဖြစ်သော မြောက်လက်ကြီးရွာ-စေးဖိုလမ်းမြေနီဂဝံခင်းခြင်းလုပ်ငန်းကို မေ ၂၁ ရက်က အမှုဆောင်

အရာရှိ ဦးကြည်စိုး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ ခုနှစ် နယုန်လဆန်း (၃) ရက်
၂၉-၅-၂၀၀၆(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓေဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (စက်မှုစားကုန်အတွက်သန့်ရှင်းရေး အရေးပါမှုအကြောင်းအပိုင်း-၂)
၁၁း၄၀ သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံနှင့်နည်းပညာတိုးတက်မှု အကြောင်း-သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ တေးသွားလှလှမဟာဂီတ
(၁) ဆဒ္ဒန်အိုင်သာ(သီချင်းခန့်) ကိုထွန်းရွှေ
(၂) မိုးဒေဝါ(ပတ်ပျိုး) ဒေါ်လှရွှေ
(၃) တောနှင့်တောင်စွယ် (ယိုးဒယား) ထွန်းထွန်း

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ပင်လယ်ပြာနှင့်တံငါရွာ
(၂) အညာအလှ၏ ရှုခင်းတစ်ကွက်
(၃) ချစ်စွာသော ဒို့လယ်ယာမြေ
၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၇း၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ရွှေဘိုခရိုင် နွယ်ငြိမ်းကျေးရွာမှ မြန်မာ့ရိုးရာဧည့်သည်လုပ်ငန်း)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်) Better English
၁၉း၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မျက်လုံးဖွင့်ပြီး အိပ်ကြည့်ပါ
(၂) ငယ်ချစ်ဟောင်းနှင့်နှစ်ပေါင်းများစွာ
(၃) တစ်ကမ္ဘာမခြားသေးပါကွယ်

မူဆယ်မြို့ ရပ်(၁၂)ဈေးရပ်ကွက်နေ ဒေါ်လီဆင်းယုံ(ခ)လီချင့်ရှိန် မိသားစုတို့က ရောဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေဘုရား စေတီရံတစ်ဆူအတွက် အလှူတော်ငွေကျပ် တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

တောင်ကြီး၌ အသက်၁၅နှစ်အောက် ဘောလုံးပြိုင် တံခွန်စိုက်ဆုဖလားနှင့် ဝတ်စုံများပေးအပ်

တောင်ကြီး မေ ၂၅

တောင်ကြီးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အလှူရှင် ဦးခွန်ဝင်းကိုတို့ ကြီးမှူးကျင်းပသည့် အသက်(၁၃)နှစ်အောက်နှင့် အသက်(၁၅)နှစ်အောက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးကွင်း၌ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးနေမင်းထွန်း၊ အလှူရှင် ဦးခွန်ဝင်းကိုနှင့် ဘောလုံးကော်မတီ ဝင်များ၊ ဧည့်သည်တော်များ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အသက်(၁၃)နှစ်အောက် ဗိုလ်လုပွဲတွင် ခြသေ့်လူငယ်အသင်းက လီဗာပူးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ အသက်(၁၅)နှစ်အောက် ပြိုင်ပွဲတွင် နဂါးဖြိန်းအသင်းက ပတ္တမြားလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ တစ်ဦးချင်းဆုနှင့် အကောင်းဆုံးဆုများကို ဘောလုံးကော်မတီဝင်များက ပေးအပ်ချီးမြှင့်ပြီး အသက် (၁၃) နှစ်အောက် ပထမဆုရ ခြသေ့်လူငယ်ဘောလုံးအသင်းကို မြို့နယ်ဦးစီးအရာရှိ ဦးနေမင်းထွန်းကလည်းကောင်း **(အောက်ပုံ)**၊ အသက်(၁၅)နှစ်အောက် ပထမဆုရ နဂါးဖြိန်းဘောလုံးအသင်းအား အလှူရှင်ဦးခွန်ဝင်းကိုကလည်းကောင်း တံခွန်စိုက်ဆုဖလားနှင့် အားကစားဝတ်စုံများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် အား/ကာ)

ဒီပဲယင်းအမကလွန်ကျောင်း ဆောက်လုပ်ရန်ငွေလှူဒါန်း

ဒီပဲယင်း မေ ၁၈

ဒီပဲယင်းမြို့နယ် ထုံးဘိုကျေးရွာအုပ်စု ဒန်းပင်ကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို မေ ၁၂ ရက်က ဒန်းပင်ဘုန်းတော်ကြီး ပညာသင်ကျောင်းတွင်ကျင်းပရာ ရွှေအုပ်စုကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့ကိုယ်စား မန်နေဂျာ ဦးကျော်ရင်က ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချမ်းမောင်က လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်မြို့ ဆံတော်ရပ်ကွက် ဗိုလ်ချုပ်လမ်း သာသနာ့ဗိမာန်ရှေ့၌ ရေမြောင်းအတွင်းရှိ ရွှံ့ညွန်များ၊ အမှိုက်များပိတ်ဆို့မှု မရှိစေရေးအတွက် ဧပြီ ၂၃ ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများဖြင့် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ်ပညာရေးဌာန စုပေါင်းရှင်ပြု ဆရာတော်နှင့်သာမဏေများအား လှူဖွယ်ပစ္စည်းများဆက်ကပ်

ညောင်တုန်း မေ ၂၂

ညောင်တုန်းမြို့နယ် ပညာရေးဌာန၏ ပထမအကြိမ် စုပေါင်းရှင်ပြုပွဲနှင့် အလှူတော်မင်္ဂလာအခမ်းအနားကို မေ ၁၂ ရက်က ညောင်တုန်းမြို့ အထက (၁)ကျောင်းခန်းမတွင် ကျင်းပရာ ညောင်တုန်းမြို့တောင်ညိုကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရှင်ပြုအလှူတော်မင်္ဂလာကို ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်းနှင့်လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်ဆရာဆရာမများတက်ရောက်ကြပြီး ချို့တဲ့ပြီး ရှင်မပြုရသေးသော ကျောင်းသား ၂၂ ဦးတို့အား ရှင်ပြုပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆရာတော် သံဃာတော်များနှင့် ရှင်သာမဏေများအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(ဝဇရ)**

ပုသိမ်မြို့ ရွှေဝတ်မှုံ ၁ လမ်း စိမ်းမြအေး ခြံအမှတ်(၁၆)နေ ဦးလဝင်းသစ်လုပ်ငန်း(ငြိမ်း)က မွေးနေ့အလှူအဖြစ် အမှတ်(၃)နယ်မြေ သိမ်တော်ကြီးလမ်း ဇေယျဝံသပရိယတ္တိစာသင်တိုက်ဝန်းရှိ ကရုဏာလူမှုကူညီရေးအသင်းသို့ ဆေးပဒေသာပင် အလှူငွေကျပ် ၇၅၀၀၀ ကိုပေးအပ်လှူဒါန်းရာ နာယက ဦးကျော်ညွှန့်လက်ခံယူစဉ်။ (က–ပ)

ပေါင်မြို့၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ပေါင် မေ ၂၃

ပေါင်မြို့နယ် ဝဲပတန်ကျေးရွာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ရက် နံနက်၁၀နာရီခွဲက အဆိုပါအဆောက်အအုံသစ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဝင်းဆန်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအုံးစိန်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရည်ရွယ်ချက်ရှင်းလင်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းဆန်းက အမှာစကားပြောကြားပြီး ဝဲပတန်ကျေးရွာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအုံးစိန်က စာကြည့်တိုက် ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းဆန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထန်တလန်မြို့၌ စာအုပ်များလှူဒါန်း

ထန်တလန် မေ ၁၃

ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ စာအုပ်များ လှူဒါန်းပွဲကို မေ ၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလိုင်တိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံရေးဦးစီးဌာနဦးစီးမှူး ဦးနီကျင်းက စာအုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလိုင်တိုးနှင့် မြို့နယ်ဦးစီးမှူး ဦးနီကျင်းထံ အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

မြောင်းမြမြို့ ဦးဘချိုလမ်းနှင့် သိပ္ပံလမ်းကြားရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ၁၂ရက်က အမှိုက်များ စုပေါင်း ဆယ်ယူဆောင်ရွက်မှုကို အမှုဆောင် အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါ်များသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်–

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သံဃာတော်အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။
(သတင်းစဉ်)

သာသနာ့အာဇာနည်အရှင်မြတ်များအား စဉ်ဆက်မပြတ်ဖူးမြော်ပူဇော်ခွင့်ရရှိနေခြင်းသည် အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများအဖို့ ထူးကဲလှသောသာသနာပြုကုသိုလ်ထူးကြီးဖြစ်

❒ *ရွှေဖုံးမှ*

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်း အာဂုံအောင် မူလအဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

တက်ရောက်ကြည်ညို

အဆိုပါ ချီးကျူးပူဇော်ပွဲမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်များ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက်စာမ ဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းနှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ စာအောင်သံဃာတော်အရှင်သူမြတ်များ၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နံနက် ၇နာရီ မိနစ် ၅၀တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများ၊ တိပိဋကဓရဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်များနှင့် စာအောင်သာသနာ့အာဇာနည်များအား မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သံဃာစင်ပေါ်သို့ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်ကြရာ အကြံပေးအရာရှိ ဦးထင်မျိုးက အောင်သပြေစိုက်ပန်းဖလားကို ပိုက်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးထွန်းလှက ပန်းကလပ်ကို ကိုင်ဆောင်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇာနီဝင်းက ကွမ်းတောင်ကိုကိုင်ဆောင်၍လည်းကောင်း၊ ဌာနမှူးဦးရဲမြေးက နိုင်ငံတော်သံဃမဟာနာယကဆိုင်းဘုတ်ကို ကိုင်ဆောင်၍လည်းကောင်း နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများကို ပင့်ဆောင်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သူမြတ်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်စဉ်။
(သတင်းစဉ်)

မိုးလေဝသအခြေအနေ (မေ ၂၈ ရက်)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။